မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(၈မွေပဒ-၂၂၁)

၁၃စဂ္ဂ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် ၂၀၂၆ ခုနှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၁၇၀)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှ သည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပူမှုများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ရက်နေ့တွင် ကျရောက်သည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

မွန်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား မွန်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့် ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံအောက်ပိုင်း ဝန်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကြားတွင် တည်ရှိပါသည်။ မွန်တိုင်းရင်းသားများ၏ ရှေးအမည်မှာ မွန်ဘာသာဖြင့် **"ရမန်"** ဖြစ်ပြီး အဆင့်ဆင့် ပြောင်းလဲရာမှ "မွန်" ဟု ခေါ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။

စာမျက်နှာ ၄ ကော်လံ ၁ ○

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဧရာဝတီရိုဗာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပူးတွဲစစ်ဦးစီးချုပ် General Chitchanok Nujjaya နှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျေရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့် အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

၁၈-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၃ - ၂၀၂۶ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၃၀	၂၉၄၀	၂၉၁၀	၂၈၄၅	၂၉၅၀	၂၉၆၅	၂၉၀၀	၂၉၁၀	၄၅၀၅	၃၀၉၅	၂၉၁၅	၃၃၃၀	၂၉၉၀	၂၉၅၀	၂၉၇၅	၃၂၃၀
95 Ron	၂၉၃၀	၃၀၄၅	၃၀၀၀	၂၉၄၅	၃၀၅၀	၃၀၆၅	၃၀၈၅	၃၀၀၀	၄၅၆၀	၃၂၉၅	၃၀၂၀	၃၄၃၀	၃၀၉၅	၃၀၅၅	၃၀၃၅	၃၃၃၅
HSD (500 ppm)	၃၂၀၅	၃၃၂၀	၃၂၈၅	၃၂၂၀	၃၃၂၅	၃၃၄၀	၃၃၆၀	၃၂၂၅	-	၃၅၇၀	၃၂၉၅	၄၁၈၅	၃၄၆၅	၃၃၃၀	၃၃၅၀	၃၆၀၀
HSD (50 ppm)	၃၄၆၀	၃၆၃၅	၃၆၄၀	၃၅၃၅	၃၆၀၀	၃၆၅၅	၃၇၁၅	၃၆၃၅	၄၈၃၀	၃၉၂၅	၃၆၅၀	၄၂၂၅	၃၇၂၀	၃၆၅၅	၃၇၁၀	၃၉၆၅
HSD (10 ppm)	၃၅၆၀	၃၆၃၅	၃၆၄၀	၃၅၃၅	၃၆၀၀	၃၆၅၅	၃၇၁၅	၃၆၃၅	-	၃၉၂၅	၃၆၅၀	၄၂၂၅	၃၇၂၀	၃၆၅၅	၃၇၁၀	၃၉၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၆၂	၂၇၄၉
95 Ron	၂၇၆၁	၂၈၅၀
HSD (500 ppm)	၃၀၂၇	၃၁၁ခ
HSD (50 ppm)	၃၃၇၂	၃၄၆၉
HSD (10 ppm)	၃၃၇၂	၃၄၆၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၁၁၃၇၃၊ ၀۶-၂၅၄۶၂۶۷۶۷
၀۶۷- ၄၁၁၂၈၂၊ ၀۶-۶၈၀၅၈۶۶۶۶

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်း	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းမှူး	-	ခင်ရတနာ	သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် ခွဲမွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့			
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့			

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀۶၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀۶၇-၃၆၁၄၃၊ ဖက်စ် ၀۶၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၅၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၅၊ စီမံ ၀၁-၅၄၄၃၁၅၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၅၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၂၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅۶۶။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဓာတ်အားကို စနစ်တကျ အသုံးပြု လေလွင့်ပြန်းတီးမှုမဖြစ်ရန်သတိပြု

နွေရာသီရောက်ရှိလာပြီး ပူပြင်းခြောက်သွေ့လာပြီဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ မြစ်ချောင်းများတွင် ရေစီးဆင်းမှုနည်းပါးလာသည့် အလျောက် ဆည်တမ်များအတွင်းသို့လည်း ရေဝင်ရောက်မှု နည်းပါးလာပြီဖြစ်သည်။ သို့ဖြစ်ရာ ယခုကာလသည် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေပေးဝေရေး စသည်တို့အတွက် တည်ဆောက်ထားသည့် ဆည်တမ်များတွင်လည်း သိုလှောင်ထားသည့် ရေပမာဏ လျော့ကျလာသည်နှင့်အမျှ ရေပေးဝေထုတ်လွှတ်မှုတို့ကို ချိန်ညှိရသည့် အချိန်ကာလဖြစ်သည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဓာတ်အားထုတ်လုပ်မှုထိန်းသိမ်းမောင်းနှင်ရသည့် အချိန်လည်းဖြစ်သည်။

ဓာတ်အားအသုံးပြုသည့်ဘက်တွင်မူ နွေရာသီကာလသည် ရာသီဥတုပူပြင်းမှုကြောင့် လေအေးပေးစက်များ၊ ပန်ကာများ ပိုမို အသုံးပြုခြင်း၊ ရေကိုပိုမိုသုံးစွဲလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲသည့် ကာလဖြစ်သည်။ မိမိတို့နိုင်ငံတွင် ပြည်သူလူထု၏ တစ်နေ့တာ ပျမ်းမျှဓာတ်အားလိုအပ်ချက်မှာ ၄၆၆၄ မဂ္ဂါဝပ်ဖြစ်ပြီး လိုအပ်ချက်နှင့်အညီ ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေသည့် အရင်းအမြစ်အလိုက် တပ်ဆင်အင်အားများမှာ ရေအားလျှပ်စစ်စက်၏ ၃၂ ရာ၊ သဘာဝဓာတ်ငွေ့သုံး စက်၏ ၂၄ ရာ၊ ကျောက်မီးသွေးသုံး စက်၏ ၂ ရာ၊ နေရောင်ခြည်စွမ်းအင်သုံး စက်၏ ၁၂ ရာ စုစုပေါင်း တပ်ဆင်စက်အင်အား ၆၇၂၅ မဂ္ဂါဝပ်ရှိပြီး စက်စွမ်းအားပြည့် မောင်းနှင်နိုင်ပါက ၄၀၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်သည်။ လက်ရှိကာလအထိ ဓာတ်အားရရှိမှု ၇၀ ဒသမ ၄၃ ရာခိုင်နှုန်းရှိပြီး မီးသုံးစွဲသူ ၆၉ သိန်းခန့်ရှိသည်။

နွေကာလသို့ ရောက်ရှိချိန်တွင် ဆည်အတွင်းသိုလှောင်ထားသည့် ရေများဖြင့် မိုးရွာသွန်းသည့် ဇွန်လသို့ ရောက်သည်အထိ ဓာတ်အားထုတ်လုပ်နိုင်ရန် ထိန်းသိမ်းမောင်းနှင်ပြီး ဓာတ်အားဖြန့်ဖြူးရခြင်းဖြစ်ရာ အချို့သော နေရာ/အချိန်များတွင် ဝန်အားမျှတခွဲဝေဖြန့်ဖြူးခြင်း (Planned Load Shedding) အစီအစဉ်များကို (၁၈-၃-၂၀၂၆) ရက်မှ စတင်ပြုလုပ်ရမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား အသိပေးပန်ကြားထားပြီး လျှပ်စစ်ဓာတ်အားကို စနစ်တကျ ချွေတာသုံးစွဲပေးပါရန်လည်း မေတ္တာရပ်ခံထားသည်။ စနစ်တကျ ချွေတာသုံးစွဲကြရာတွင် လေလွင့်ပြန်းတီးမှု မဖြစ်စေရန် ဂရုပြုခြင်း၊ မလိုအပ်ဘဲ သုံးစွဲမှုမပြုခြင်း၊ လိုအပ်ချက်နှင့်အညီ စနစ်တကျ အသုံးပြုခြင်းတို့ကို သတိပြုဆောင်ရွက်ကြရန်လိုသည်။

လူမရှိသည့်အချိန်တွင် အခန်းတွင်း၌ မီး၊ ပန်ကာ၊ လေအေးပေးစက်၊ ရုပ်မြင်သံကြားစက် စသည်တို့ကို ဖွင့်ထားခြင်း၊ နေ့အချိန်တွင် လမ်းမီး၊ ဥယျာဉ်မီး၊ အိမ်ပြင်ပမီး၊ လူမရှိသည့်အခန်းမီးများ ပိတ်ရန် မေ့လျော့နေခြင်း စသည့်အပြုအမူမျိုးတို့မှာ ဓာတ်အားလေလွင့်ပြန်းတီးမှုကိုဖြစ်စေသည်။ အဆောက်အအုံများကို လေဝင်လေထွက်ကောင်းအောင် ပြတင်းပေါက်များ၊ တံခါးများ ဖွင့်ထားခြင်းဖြင့် အပူလျှောနိုင်သည့်အခြေအနေရှိပါက ဖွင့်ထားကြရမည် ဖြစ်သော်လည်း ပြတင်းများ ပိတ်၊ လိုက်ကာများချကာ အလင်းပိတ်ပြီး နေ့အချိန်တွင် မီးများဖွင့်၊ လေအေးပေးစက်များ ဖွင့်ထားခြင်းက လျှပ်စစ်ဓာတ်အားကို မလိုအပ်ဘဲ သုံးစွဲရာရောက်သည်။ ဓာတ်အားပြတ်တောက်သွားချိန်တွင် သုံးလက်စ မီးပူ၊ လျှပ်စစ်မီးဖို၊ ဒယ်နီ စသည်တို့အပါအဝင် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို မမေ့မလျော့ ခလုတ်ပိတ်ရန်၊ ပလတ်ဖြုတ်ထားရန်လည်း သတိပြုကြဖို့လိုသည်။ နှစ်စဉ် ကြားသိနေကျ မီးလောင်မှုများတွင် မီးပျက်ချိန် ခလုတ်ပိတ်ရန် မေ့လျော့ထားသည့် မီးပူ၊ လျှပ်စစ်မီးဖို၊ ဟင်းချက် ဒယ်နီတို့က မီးပြန်လာချိန်တွင် အပူချိန်မြင့်တက်ကာ မီးလောင်မှုများမှာ အများအပြားပင်ဖြစ်ရာ သတိရှိကြမှ မီးဘေးအန္တရာယ်ကင်းဝေးနိုင်ကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ နိုင်ငံတစ်ဝန်းလုံး ရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ကြရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်ဖက်တွင်လည်း အနှောင့်အယှက် အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ရှိနေသည်။ ပြည်တွင်း၌ ရှိနေသည့် ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မည့် အရင်းအမြစ်များကို သုံးစွဲနိုင်ရေးတွင် ပြင်ပ ပဃောဂမကင်းဟု ယူဆနိုင်သည့် မမှန်မကန် ခြောက်လှန့်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူလူထုအတွင်း ဖြစ်ပေါ်လာစေရန် ပြုလုပ်သူများ ရှိနေသကဲ့သို့ ဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်ရုံများ၊ ထရန်စဖော်မာများ၊ ခွဲရုံများကို အကြမ်းဖက်ဖျက်ဆီးမှုများလည်း ရှိနေသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ရာ လက်ရှိအခြေအနေတွင် ဓာတ်အားချွေတာသုံးစွဲရေးနှင့် ရေရှည်တွင် ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

“ မြန်မာ – ထိုင်း နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး ”

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ ရှေ့ဖုံးမှ

ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့် ကြည်းတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ရှည်ကြာပြီး ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးနှင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြှေ့ငွေ့ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများအား ထိထိရောက်ရောက်ဟန့်တားရှင်းလင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (HLC) ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ သန့်ရှင်းသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ အဖြစ် အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ လွတ်တော်အစည်းအဝေးများ ကျင်းပပြုလုပ်လျက်ရှိမှု အခြေအနေများ၊ ထိုင်းနိုင်ငံတွင်လည်း မကြာမီကာလအတွင်းက ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး ယခုအခါ လွတ်တော်ကျင်းပလျက်ရှိမှုအခြေအနေများ၊ မြန်မာ – ထိုင်း နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၈

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တည်ခင်းဧည့်ခံ

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ Jasmine ဟိုတယ်သို့ ရောက်ရှိကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က ကြိုဆိုနှုတ်ဆက်၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် မိုင်းခတ် တပ်နယ်ရှိ နယ်မြေခံတပ်ဌာနချုပ် ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

သတင်းစဉ်

❑ **နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်းလူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် သယံဇာတ ပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်းအနေဖြင့် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျသည့် တံတားနှစ်စင်းဖြစ်သည့် ဂျိုင်း(ဇာသပြင်) တံတားသစ်နှင့် အတ္ထရံတံတားသစ်(၂)စင်းကိုလည်း ယခုမတ်လ (၈) ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်**

❑ **အဆိုပါတံတား (၂) စင်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုလျင်မြန်စေမည်**

❍ *ရှေ့ဖုံးမှ*

မွန်လူမျိုးများ စတင်နေထိုင်ခဲ့ရာ "ရာမည" ဒေသဆိုသည်မှာ ပျော်ဘွယ်ဖွယ်ကောင်းသော အရပ်ဒေသဟု အဓိပ္ပာယ်ရပါသည်။ ရှေးယခင်ကယခုမွန်ပြည်နယ်ဟု သတ်မှတ်ခြင်းမရှိမီက မွန်ပြည်နယ်အဖြစ် ဖွဲ့စည်းထားသော နယ်မြေသည် တနင်္သာရီတိုင်းအတွင်း ပါဝင်ခဲ့သည်။

မွန်ပြည်နယ် သီးသန့်ရရှိစေရေးအတွက် ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်း၊ မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်အမျိုးသားအဖွဲ့ စသည့် မွန်အဖွဲ့အစည်းပေါင်းစုံတို့က မွန်တိုင်းရင်းသားမျိုးနွယ်စု၊ မွန်စာပေနှင့်ကိုယ်ပိုင်ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်း တောင်းခံခဲ့ရာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်(၁)ကို မွန်ပြည်နယ်အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်အစိုးရမှ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပေးပြီးနောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်နေ့အဖြစ် ကျင်းပသတ်မှတ်နိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းရှိ မွန်တိုင်းရင်းသားလူမျိုးများက ၁၉၇၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) တင်သည့်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၂) နှစ်တိုင် ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်းတွင် မွန်နှင့်ဗမာလူမျိုး အများဆုံးနေထိုင်လျက်ရှိပြီး ကရင်၊ ရှမ်း၊ ပအိုဝ်း စသည့်တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံး ရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင်ပါဝင်ပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ကြောင်းနှင့် ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရိုကိုးခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာက သက်သေခံလျက်ရှိပါသည်။

မွန်ပြည်နယ်အား ခရိုင် (၂)ခရိုင်၊ မြို့နယ် (၁၀)မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် (၃၀-၄-၂၀၂၂) ရက်နေ့မှစ၍ ခရိုင် (၂) ခရိုင် ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် စုစုပေါင်းခရိုင် (၄) ခရိုင်၊ မြို့နယ် (၁၀) မြို့နယ်တို့နှင့် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်ရေးအတွက် ကောင်းမွန်သော ဆက်သွယ်ရေးလမ်းကြောင်းနှင့် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရွှေမောဖွယ်ရာ တောတောင် မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေ သယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝလျက် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလွန်စေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့်သမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများစွာ တို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း ဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေချိန် ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာ ပြည့်ဝခြင်းတို့သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ မတ်လ (၁၈) ရက်နေ့တွင် အမျိုးသားလွှတ်တော်တို့ကို ခေါ်ယူကျင်းပလျက်ရှိပြီး နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများအပါအဝင် လွှတ်တော်အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း နိုင်ငံတော်သမ္မတအသစ် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ရပ် ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား

နိုင်ငံတော်၏လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက ထွက်ပေါ်လာမည့် နိုင်ငံတော်အစိုးရအသစ်နှင့် အတူ စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကကျပြီး အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေး စသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရောင်းချခဲ့ကြပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြပါသည်။ ရေခံမြေခံ ကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမိုရှိ၍ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူဘောင်အသိုက်အဝန်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်၍ KG+9 အထိ မသင်မနေရ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေးနှင့် အတန်းပညာမှ အသိပညာသို့ ပြောင်းလဲတိုးတက်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့် လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထို့ပြင် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တ ကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရရှိပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု အားနည်းချက်သည် သက်ဆိုင်သူများ၏ ပညာရေးအားနည်းမှုများကြောင့်ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ အသိပညာအားနည်းပါက အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများအပေါ် စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လိုက်ပါလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေမည်သာ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား ဒေသများအပါအဝင် တစ်နိုင်ငံလုံး ပညာသင်ယူနိုင်မှုအခွင့်အလမ်း ကွာခြားမှုမရှိစေရေး အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း ပညာရေးကဏ္ဍ မြှင့်တင်မှုကို ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း နိုင်ငံသားတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများလက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင် ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးခြင်းတို့ကို နိုင်ငံတော်မှ အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်းလူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် သယံဇာတ ပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်းအနေဖြင့် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျသည့် တံတားနှစ်စင်းဖြစ်သည့် ဂျိုင်း(ဇာသပြင်) တံတားသစ်နှင့် အတ္ထရံတံတားသစ်(၂)စင်းကိုလည်း ယခု မတ်လ (၈)ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတံတား (၂)စင်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် မော်လမြိုင် အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှု လျင်မြန်စေမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တိုက်တွန်းမှာကြားလိုသည်မှာ သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အလွန်မင်အရေးကြီးလှပါသည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်ဆူပုံမှုများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးသည်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ပြည်ထောင်စုအတွင်း စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးမှာ အလွန်အရေးကြီးလှပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏အကျိုးစီးပွားနှင့် နိုင်ငံနှင့် ပြည်သူ အားလုံးတို့၏ ကောင်းကျိုးကို ထမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်း တိုက်တွန်းမှာကြားလိုပါသည်။ ထို့ပြင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများအားလုံး အစဉ်ထာဝရ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၅)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုခမ္မ မင်းအောင်လှိုင်
ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၂၀ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ) တွင် ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဝါရီရွှမြစ်ကမ်းသာ အပန်းဖြေနေရာဖွင့်ပွဲနှင့် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များဖွင့်ပွဲသို့တက်ရောက်

နေပြည်တော် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဝါရီရွှမြစ်ကမ်းသာ အပန်းဖြေနေရာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘင်ခရာ/ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း၊ တက်ရောက်လာသူများက ဝါရီရွှမြစ်ကမ်းသာ အပန်းဖြေနေရာ ကမ္ဘည်းအား အမွေးနုံ့သာများ ပက်ဖျန်းခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ပြီး အပန်းဖြေနေရာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် နေ့အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များ ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်သည်။

ဦးစွာ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်တို့က ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ တောင်သူများသို့ မျိုးစေ့ချကိရိယာ (Seeder) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ မွန်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က မြို့နယ်အလိုက် မျိုးစေ့ချကိရိယာ (Seeder) များ ပေးအပ်ခဲ့သည်။

ထို့နောက်တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ လုည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကြိုဆို၍ တက္ကသိုလ်ဆိုင်ရာ အချက်အလက်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ရှင်းလင်းတင်ပြခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက်လမ်းမကြီးရှိ ပြည်ထဲရေးဝန်ကြီးဌာနပိုင် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကြိုဆို၍ မြေနေရာနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ရာ ကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ် MSME ထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

တပ်ကုန်း မတ် ၁၈

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ် MSME ထုတ်ကုန်ဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ တွေ့ဆုံသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် သီးနှံများ ဖြင့် MSME ထုတ်ကုန်ဖွံ့ဖြိုးလာစေရေး၊ MSME ထုတ်ကုန်ပစ္စည်း အရောင်းဆိုင် ဖွင့်လှစ်နိုင်ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် ခရီးသွား ဖော်ဆောင်ရေးလုပ်ငန်း အောင်မြင်ရေး၊ တောင်သူများ မျိုးကောင်း၊ မျိုးသန့်၊ ရွေးချယ် စိုက်ပျိုးနိုင်ရေး၊ သီးနှံထွက်ကုန် ပစ္စည်းများ စျေးကွက်ရရှိရေး၊ အလေးချိန်ခွင် မှန်ကန်စွာရောင်းချနိုင်ရေးနှင့်ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး အခက်အခဲဖြစ်ခဲ့ပါက မြို့နယ်ကုန်စည်ဒိုင်မှ ကူညီဆောင်ရွက်ရေး၊ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပညာရှင်များ ချိတ်ဆက်ပေးနိုင်ရေး၊ ကုန်သည်ပွဲစားများ အခက်အခဲဖြစ်လာပါက အုပ်ချုပ်ရေး အပိုင်းနှင့် အပြန်အလှန် ကူညီဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော် ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ နေပြည်တော် MSME အသင်းဒုဥက္ကဋ္ဌ၊ မြို့နယ် MSME အသင်းဥက္ကဋ္ဌ၊ မြို့နယ်ကုန်စည်ဒိုင် အသင်းဥက္ကဋ္ဌတို့က ရှေ့လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော် ကောင်စီဝင်က တင်ပြမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၈

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/၈လ**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းခွေးထံ တာဝန်လွှဲအပ်စဉ်။

❍ *ကျောပိုးမှ*

မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခွဲဘူအား သဘာပတိအဖြစ် အဆိုတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နီနီမာက ထောက်ခံသည့်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခွဲဘူကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ကတိသစ္စာပြု

ထို့နောက် သဘာပတိ ဒေါ်ခွဲဘူက အမျိုးသားလွှတ်တော်၏ ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

အစည်းအဝေး စတင်ကျင်းပ

ဆက်လက်၍ သဘာပတိက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၁၃ ဦးစလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်မြင့်က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌလောင်းအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်လင်းခွေး တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မောင်တင့်က ထောက်ခံသည့်အတွက် ၂၀၁၅ ခုနှစ်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၁)အရ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းခွေးအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ထွန်းက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကျင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် Jeng Phang နေ့ဝေါင် တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းအောင်က ထောက်ခံသည့်အတွက် ကျင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် Jeng Phang နေ့ဝေါင် အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်လင်းခွေးနှင့် Jeng Phang နေ့ဝေါင်တို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

တာဝန်လွှဲအပ်

ထို့နောက် သဘာပတိက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းခွေးထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို စာမျက်နှာ-၇ တွင် ဖော်ပြထားပါသည်။)

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းခွေး တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား–

ယနေ့ **တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်**အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ဟာဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ တတိယအကြိမ် အမျိုးသားလွှတ်တော် စတင်တဲ့ သမိုင်းမှတ်တမ်းတင် ဂုဏ်ယူစရာနေ့တစ်နေ့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ပြည်သူများကိုယ်စားကျွန်တော့်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပေးခဲ့ကြတဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနဲ့ ကျွန်တော့်ဘဝရဲ့ မှတ်တိုင်တစ်ခုအဖြစ် စွဲမြဲစွာ မှတ်သားထားရှိသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဟာ မဖြစ်မနေ လုပ်ရမယ့် လုပ်ငန်းစဉ်ဖြစ်တာကြောင့် အခက်အခဲများစွာကြားကပင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သိကျွာရှိတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒီလို ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့လို့လည်း ယနေ့ ပြည်သူများ ရွေးကောက်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကြီးကို တက်ရောက်လာနိုင်ကြတာပဲ ဖြစ်ပါတယ်။

လွတ်တော်ဆိုတာ ဥပဒေပြုရေးအာဏာကို ပြည်သူလူထုထံမှ ရရှိထားတဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန် ထိန်းကျောင်းခြင်းဆိုတဲ့ တာဝန်တွေကို ထမ်းဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွတ်တော်ရဲ့အခန်းကဏ္ဍဟာ ကြီးမားသလို လွတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါလှပါတယ်။

အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၄၁ အရ ဖွဲ့စည်းထားတာဖြစ်ပြီး ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများမှ ရွေးကောက်ခံကိုယ်စားလှယ်များနဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းထားတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော် ဖြစ်တာကြောင့် ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကို ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ယခုကျင်းပတဲ့ တတိယအကြိမ်လွှတ်တော်ဟာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနဲ့အညီ မဲအများဆုံးရသူ အနိုင်ယူစနစ်နဲ့ အချိုးကျ ကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ လွှတ်တော်ဖြစ်တဲ့အတွက် ထူးခြားစွာ ပေါ်ပေါက်လာတဲ့ လွှတ်တော်ပဲဖြစ်ပါတယ်။

လွှတ်တော်လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အချင်းချင်း ယဉ်ယဉ်ကျေးကျေးနဲ့ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဆက်ဆံဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေဒေတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို လွှတ်တော်က သတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ထဲ ရောက်လာချိန်မှာ ပါတီအရောင်အသွေးမခွဲခြားဘဲ ပြည်သူလူထု အကျိုးစီးပွားကိုရှေးရှုပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးကြဖို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ အများက ယုံကြည်စွာ ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူတို့ရဲ့အသံကို နားထောင်ပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူ့အကျိုးကို ရှေ့တန်းတင်ဆောင်ရွက်ကြရန် တာဝန်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရမှာဖြစ်တဲ့အတွက် ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်အောင် ကိုယ်စားလှယ်တွေရဲ့ အရည်အချင်း တိုးတက်မြင့်မားစေဖို့ စဉ်ဆက်မပြတ် လေ့လာသွားကြရမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ အခါမှာလည်း နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်၊ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေမှုတွေကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေ ပြဋ္ဌာန်းပေးတာ၊ ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းတာတွေ၊ ခေတ်စနစ်နဲ့ လျော်ညီမှုမရှိတော့တဲ့ ဥပဒေတွေကို ရုပ်သိမ်းတာတွေ ဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခွင့်ရတဲ့ အချိန်မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ရှေးရှုဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရဲ့ ထုံးတမ်းအစဉ်အလာတွေကို တိကျစွာလေးစားလိုက်နာပြီး သမာသမတ်ကျစွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အလယ်အလတ်အဆင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်း

နေပြည်တော် မတ် ၁၈

အလယ်အလတ်အဆင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဝန်ကြီးဌာန/ အဖွဲ့အစည်း၏ လုပ်ငန်းရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အထက်အဆင့်နှင့် အောက်အဆင့်ကြားတွင် ဌာန၏ စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များကို ဟန်ချက်ညီအောင် ထိန်းညှိ ဆောင်ရွက်ပေးရသည့် အလယ်အလတ်အဆင့် အရာထမ်းများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှု၍ ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့လုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာ စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် နိုင်ငံဝန်ထမ်းတက္ကသိုလ်က ယခုကဲ့သို့ လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ကြောင်း။

သင်တန်း ပြီးမြောက်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွင် ပြန်လည်တာဝန် ထမ်းဆောင်သည့်အခါ သင်တန်းကရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချရန်လိုကြောင်း။ အထက်အဆင့်က ချမှတ်သည့် စီမံကိန်း၊ မူဝါဒ၊ လုပ်ငန်းတာဝန်များ အောင်မြင်အောင် မိမိလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခြင်းဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ အလိုက် ရည်မှန်းချက်ပန်းတိုင် အောင်မြင်စေရန်အတွက် ကျရာ အခန်းကဏ္ဍမှ အထောက်အကူပြု ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အရာထမ်းများသည် နိုင်ငံသားများဖြစ်သည့်အတွက် နိုင်ငံသားတိုင်း လိုက်နာရမည့် တာဝန်များကို စောင့်ထိန်းလိုက်နာရမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်နှင့် ကျင့်ဝတ်အပေါ်(၃၀)တို့ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားရန်၊ အလယ်အလတ်အဆင့်အရာထမ်းများပီပီ အထက်အဆင့် အရာထမ်းများကို စွမ်းဆောင်ရည် ပြည့်ဝစွာ ထောက်ကူဆောင်ရွက်ပေးရန်နှင့် လက်အောက် အရာထမ်း၊ အမှုထမ်းများကိုလည်း သင်ကြားပြသပြီး မိမိကိုယ်တိုင်လည်း စံနမူနာပြဖြစ်အောင် ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသား ၅၁ ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၀ ကြာမြင့်ခဲ့သည်။

ထို့နောက်အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ သင်တန်းခန်းမနှင့် စာသင်ဆောင်များတွင် သင်တန်းအလိုက် သင်ခန်းစာပို့ချမှုအခြေအနေများ၊ တက္ကသိုလ်စာကြည့်တိုက်တွင် ဓာတ်ပုံပြခန်းပြင်ဆင်ထားရှိမှု၊ စာအုပ်ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ သင်တန်းရိက္ခာအတွက် တစ်နိုင်တစ်ပိုင် စိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် သင်တန်းရိက္ခာဂိုဒေါင်တွင် သင်တန်းဆန်၊ ဆီများ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)၏ အဆင့်မြင့် ဒီပလိုမာအပ်နှင်းပွဲကို ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းသား သင်တန်းသူများကို ဘွဲ့လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့် တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ရှင်သန်စေရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အပြည့်အဝ ခံစားရရှိစေရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားဒေသများတွင် ပညာရေး၊ ကျွန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး တို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသား ဘာသာစာပေသင်ကြားရေး အထောက်အကူပြု ဆရာ ဆရာမများနှင့် တိုင်းရင်းသား စာပေသင် ဆရာ ဆရာမများကို လစာတိုးမြှင့်ပေးရေးနှင့် စာပေနှင့်ယဉ်ကျေးမှု အဖွဲ့များ၏ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်းဖွဲ့များနှင့် ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှု သင်တန်းများ ဖွင့်လှစ်ပို့ချမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး သင်တန်းကျောင်း ဝန်ထမ်းများနှင့် သင်တန်းသူများ အတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းသူအိပ်ဆောင်၊ သင်တန်းခန်းမ၊ မော်တာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို တိကျလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ ၄ ရပ်ဖြစ်သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့် မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝဋ္ဌကုန်ကြမ်းစိုက်ပျိုးမှုမှ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ဝဋ္ဌကြာဆံ၊ ဝဋ္ဌဆန် အပါအဝင် ဝဋ္ဌကုန်ချောထုတ်လုပ်မှုနှင့် ရောင်းချမှုဆိုင်ရာ နည်းပညာဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် မတ် ၁၈

ဝဋ္ဌကုန်ကြမ်းစိုက်ပျိုးမှုမှ တန်ဖိုးမြင့်ထုတ်ကုန်များ ဖြစ်သည့် ဝဋ္ဌကြာဆံ၊ ဝဋ္ဌဆန်အပါအဝင် ဝဋ္ဌကုန်ချောထုတ်လုပ်မှုနှင့် ရောင်းချမှုဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Virtual စနစ်ဖြင့် တက်ရောက်သည်။**(ယာဝုံ)**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြတ်မီးအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ ပညာရှင်များ၊ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝဋ္ဌသည် အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသော အစားအသောက်တစ်မျိုးဖြစ်သည့်အပြင် ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင်လည်း တဖြည်းဖြည်းလိုအပ်ချက်မြင့်တက်လာနေသည့် စိုက်ပျိုးသီးနှံတစ်မျိုးဖြစ်ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲသည် ဝဋ္ဌမျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေး နည်းပညာများ၊ အတွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေး သုတေသနလုပ်ငန်းများ၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်သတင်းအချက်အလက်များအပြင် ကုန်ကြမ်းမှ ကုန်ချောပြောင်းလဲထုတ်လုပ်ရာတွင် လိုအပ်သော နည်းပညာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယခု ဆွေးနွေးပွဲသည် သက်ဆိုင်ရာပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအကြား အတွေ့အကြုံများကို ဖလှယ်နိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်သည့်အပြင် ဝဋ္ဌ စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဝဋ္ဌအမျိုးအစားအလိုက် အထွက်နှုန်းနှင့် အရည်အသွေးသုတေသနပြုမှုဆိုင်ရာကိစ္စရပ်များ၊ ဝဋ္ဌ မျိုးကောင်း မျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း/ပြည်ပဈေးကွက် သတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်ကြမ်းမှ ကုန်ချောပြောင်းလဲရာတွင် လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်မှုနှင့် အရည်အသွေးထိန်းသိမ်းမှု နည်းပညာများနှင့် ဝဋ္ဌတွင် ပါဝင်သော ယားယံစေသည့် Calcium Oxalate များကို နည်းပညာဖြင့် ဖယ်ရှားနိုင်မည့် နည်းလမ်းများ၊ ဝဋ္ဌ အခြောက်ခံသည့် စက်ပစ္စည်းဆိုင်ရာများ၊ ထုတ်ကုန်ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုပ်ငန်းထောက်ခံချက် ရယူနိုင်မည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဝဋ္ဌ၏ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ ဝဋ္ဌထုတ်လုပ်ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ) ထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက Virtual စနစ်ဖြင့် တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ)သည် ရှမ်းပြည်နယ် ဒေသတွင် ရှေးယခင်ကတည်းက ထုတ်လုပ်လာခဲ့သည့် အိမ်တွင်းရိုးရာ လက်မှုထုတ်ကုန်တစ်မျိုးဖြစ်ပြီး စာရေးရန်သာမက ပုရပိုက်ဖြူများ၊ ခမောက်များ၊ ယပ်တောင်များအဖြစ် ပြုလုပ်သုံးစွဲခဲ့ကြသည့် အတွက် ယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်အဖြစ်လည်း သတ်မှတ်နိုင်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် မိုင်းကိုင်စက္ကူထုတ်လုပ်ရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နည်းပညာဆိုင်ရာ အတွေ့အကြုံများနှင့် သုတေသနအချက်အလက်များကို မျှဝေဆွေးနွေးနိုင်မည့် အရေးပါသောအခွင့်အလမ်းတစ်ခု ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မှ ထီးလုပ်ငန်းနှင့် မိုင်းကိုင်စက္ကူလုပ်ငန်းမှ တာဝန်ရှိသူတို့က မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ) အသုံးပြု၍ လူသုံးကုန် လက်မှုအနုပညာထုတ်လုပ်မှု၊ မိုင်းကိုင်စက္ကူပြုလုပ်ရာတွင် ကုန်ကြမ်းဖြစ်သော သာလဲပင်(ရှော်ပင်)ထုတ်ယူသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ မိရိုးဖလာ မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ)ထုတ်လုပ်ခြင်းနှင့် ပုံမှန်စက္ကူထုတ်လုပ်ခြင်းအပေါ် နှိုင်းယှဉ်ချက်၊ မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ) ဖြင့် လက်မှုအနုပညာပစ္စည်းများပေါ်တွင် သဘာဝဆိုးဆေးဖြင့် အလှဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မွန်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန မော်လမြိုင်လူငယ်သင်တန်းကျောင်း၌ အဆိုပါသင်တန်းမှ လူငယ်များနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး စားရိပ်သာဆောင်နှင့် လူငယ်များ အားကစားလေ့ကျင့်နေမှု၊ ဆံပင်ညှပ်သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ သင်တန်းကျောင်း ကျောင်းအုပ်၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂) မူလတန်းကြိုကျောင်း၌ မူကြိုအရွယ်ကလေးများအား အာဟာရမုန့်ကျွေးမွေးနေမှု၊ ကလေးငယ်များ ကဗျာရွတ်ဆိုနေမှုနှင့် ကလေးပြိုစုရေးဌာနခွဲ ရင်ခွင်ပိုက်ကလေးများအား ကျွေးမွေးပြုစုစောင့်ရှောက်ထားမှုတို့ကိုလည်းကောင်း၊ အမှတ် (၁) မူလတန်းကြိုကျောင်း ကျောင်းဥပဓိရှင်နှင့် ကြီးခိုင်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များ၏ ဥာဏ်ရည်ဖွံ့ဖြိုးရေးအတွက် မိဘ၊ ဆရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်) ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ် ဒုတိယဝန်ကြီးက ပြတိုက်လုပ်ငန်းနှင့် ပတ်သက်၍ ယခင်က Collection Centered Period (ပြသပစ္စည်းများ စုဆောင်းမှုကို အဓိကထားသောခေတ်)၊ ယင်းနောက် Conservation Centered Period (ပြသပစ္စည်းများအား နည်းပညာဖြင့် ထိန်းသိမ်းမှုကို အဓိကထားသောခေတ်)၊ ထိုမှတစ်ဆင့် Visitor Centered Period (ဧည့်သည်များအား ဝန်ဆောင်မှုပေးခြင်းကို အဓိကထားသောခေတ်)၊ ယခုအခါ Digital Age သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ပြတိုက်များနှင့် ပတ်သက်၍ ယနေ့ခေတ် အာဆီယံနိုင်ငံများက ချမှတ်သည့် ပန်းတိုင်မှာ Creative Economy (တီထွင်ဖန်တီးတတ်သော စီးပွားရေး) ဖြစ်ပြီး Public နှင့်ဆက်စပ်သော ရိုးရာလုပ်ငန်းများ၊ အတတ်ပညာ စသည့်လုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းများ၊ Tourism အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ၎င်းတို့၏ အကျိုးစီးပွားကို အကျိုးပြုပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

စာကြည့်တိုက် လုပ်ငန်းနှင့် ပတ်သက်၍ မွန်လူမျိုးတို့၏ သမိုင်းကြောင်း၊ ရိုးရာလေ့ထုံးတမ်း အစဉ်အလာများနှင့် ပတ်သက်သည့် စာအုပ်စာပေများ ဝယ်ယူစုဆောင်းရန်၊ ကလေးသူငယ်များ ဖိတ်ခေါ်၍ စာပေဗဟုသုတများ မျှဝေပေးရန်၊ အောင်မြင်သော ပြတိုက်နှင့် စာကြည့်တိုက်ဖြစ်စေရန်အတွက် လူစည်ကားနေရန်လိုအပ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ထားသော ကျိုက်မရောဖြို့နယ်ရှိ ခရုဂုနှင့် ကိုလိုနီခေတ်ရှေးဟောင်း အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ပထမနန်းခြင်းအသင်းတော်တို့ကို မူလလက်ရာမပျက် ထိန်းသိမ်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြခန်းများအား ကြည့်ရှုစစ်ဆေးရာ ပြတိုက်တာဝန်ခံက ပြတိုက်အတွင်း ခင်းကျင်းထားရှိရှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက ပြသပစ္စည်းများအား ခင်းကျင်းပြသမှု အပိုင်းတွင် ပြသပစ္စည်းနှင့် ကိုက်ညီသည့် ပစ္စည်းများကို ယှဉ်တွဲပြသရန်၊ ဘတ်ဂျက်အနေအထားပေါ် မူတည်၍ ပြခန်းပြကွက်များ၏ တကွဲတပြားဖြစ်နေသော အောက်ခံ အရောင်များကို တစ်ပြေးညီ ဖြစ်စေသည့် အရောင်များ၊ ပိတ်သားစများဖြင့် လဲလှယ် ခင်းကျင်းရန်၊ အများပြည်သူ ပိုမို စိတ်ဝင်စားရန်အတွက် အလေးထား ဆောင်ရွက်ကြရန်၊ ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတပိုမိုရရှိ စေရေး ပြတိုက်နှင့် စာကြည့်တိုက်များမှ အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန်၊ ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် ကြိုးစား လုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ပညာသင်နှစ် ဆေးပညာသင်ကြားရေးဒီပလိုမာ ဘွဲ့လွန်သင်တန်း အမှတ်စဉ် (၂၁) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် ဆေးရုံများတွင် ဆေးလက်တွေ့သင်ကြားရေးတာဝန် ထမ်းဆောင်နေသူများအတွက် ရည်ရွယ်၍ ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ၂၀၂၆ ပညာသင်နှစ် ဆေးပညာသင်ကြားရေးဒီပလိုမာ–Diploma in Medical Education (Dip.Med.Ed) ဘွဲ့လွန် သင်တန်းအမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ တင်ထွန်း၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ Module Supervisor များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ အေဘီက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ဆေးပညာသင်ကြားရေးဒီပလိုမာ ဘွဲ့လွန်သင်တန်း အမှတ်စဉ်(၂၁) ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နံနက်ပိုင်း အစီအစဉ်တွင် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးပွဲကို ယနေ့မှ မတ် ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

● *ကျောင်းမှ*

တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ဟန့်တားကာကွယ်ခဲ့ရသည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို အီဇီနှင့် ဒဏ္ဍလန်ရိုက်စ်တို့က ပွဲကစား ချိန် ၃၆ မိနစ်နှင့် ၆၃ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

လေဗာကူဆင်အသင်းသည် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့်အသင်းဖြစ်ပြီး ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက ခြေစွမ်းကောင်းပြသထားနိုင်သည့်အသင်းဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်က မန်ယူ အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသည့် အသင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ကွာတားဖိုင်နယ်တွင် ပေါ်တူဂီကလပ် စပို့တင်းနှင့် လာမည့် ဧပြီ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် စပို့တင်းက ဘိုဒိုဂလင့်ကို ၎င်းဂိုး-ဂိုးမရှိ၊ ပီအက်စ်ဂျီက ချယ်ဆီးကို သုံးဂိုး-ဂိုးမရှိ၊ ရီးရဲမက်ဒရစ်က တစ်ယောက်လျှော့ မနီစီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အာဆင်နယ် အသင်းနှင့်အတူ နှစ်ကျော့ပေါင်းရလဒ်ဖြင့် စပို့တင်း၊ ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ်အသင်းတို့နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

အောင်ဧော်

(၁၀)နှစ်ပြည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

ဆယ်နှစ်မှသည် အနာဂတ်ဆီ တူညီရွှေ့လျှမ်း မဲခေါင်-လန်ချန်း

တိုင်းနိုင်ငံများ ပထဝီအနေအထားအရ တည်ရှိမှုသည် ထိုတိုင်းပြည်၏ ကံကြမ္မာကို ဆုံးဖြတ်ပေးသည်ဟု ဆိုရိုးစကားရှိပါသည်။ အာရှတိုက်၏ အရှေ့တောင်ဘက်ဆီသို့ အရှိန်အဟုန်ဖြင့် စီးဆင်းနေသော မဲခေါင်မြစ်ကြီးသည် ထိုကံကြမ္မာ၏ သက်သေပင်ဖြစ်ပေသည်။ တိမဂ်ကုန်းပြင်မြင့်မှ မြစ်ဖျားခံလာသော ထိုမြစ်မကြီးအား တရုတ်တို့က"လန်ချန်း" ဟု အမည်ပေးကာ အားကိုးအားထားပြုခဲ့ကြသည်။

ရဲအုပ် ဇာနည်ထွန်း

- **၁၀ နှစ်တာခရီးအတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချပေးနိုင်သည့် အားအကောင်းဆုံးသော ဖွံ့ဖြိုးမှုအင်ဂျင်တစ်ခုအဖြစ် ကမ္ဘာ့မျက်နှာစာတွင် ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်**
- **မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားချက်မှာ စကားလုံးများထက် လုပ်ရပ်များကို ပိုမိုဦးစားပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် MLC သည် အဝေးကလှမ်းကြည့်ရုံသာရှိသည့် မူဝါဒတစ်ခုမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ်အသက်ဝင်နေသည့် စီမံကိန်းများအဖြစ် တည်ရှိနေသည်။ MLC အထူးရန်ပုံငွေကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စီမံကိန်းပေါင်း ၉၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ဤပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသောသက်သေပင်ဖြစ်**

အရှေ့တောင်အာရှ မြေပြန့်လွင်ပြင်များ ဖြစ်ကြသော မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းချိန်မှာတော့ သူ့ကို "မဲခေါင် သို့မဟုတ် မယ်ခေါင်" ဟု အမည်နာမတစ်ခု ပေးလိုက်ကြသည်။ အရှည်ကီလိုမီတာ ၄၈၀၀ ရှိသည့် မဲခေါင်မြစ်သည် သူဖြတ်သန်းစီးဆင်းရာ ကမ်းတစ်ဖက်တစ်ချက်ရှိ ဒေသတွင်းနိုင်ငံများ၏ အသက်သွေးကြော ဖြစ်လာခဲ့ရသည်။ ဤမြစ်မင်းသည် မြစ်လက်တက်ခွဲပေါင်းများစွာ ခြံရံကာဖြင့် နိုင်ငံနယ်နိမိတ်များကို ကျော်ဖြတ်ကာ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ကို ရာစုနှစ်ပေါင်းများစွာ ရှင်သန်စေခဲ့သည်။

နွေးထွေးသည့်စိတ်ဓာတ်ဖြင့် အနာဂတ်ကို အတူတကွပုံဖော်

သို့သော် ခေတ်သစ်ကမ္ဘာ၏ စိန်ခေါ်မှုများဖြစ်သော စီးပွားရေးကွာဟမှု၊ အရင်းအမြစ်ခွဲဝေမှုနှင့် နည်းပညာလိုအပ်ချက်များကို တစ်နိုင်ငံချင်းစီ ရင်ဆိုင်ရန်မှာ မလွယ်ကူလှပေ။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ၂၀၁၆ ခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု(MLC)ဟူသော သမိုင်းဝင်ယန္တရားကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဤပေါ်ပေါက်မှုသည် သာမန်သံတမန်ရေးရာ ဆုံးရပ်တစ်ခုမျှသာမဟုတ်ဘဲ "မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူများ" ဟူသော နွေးထွေးသည့် စိတ်ဓာတ်ဖြင့် အနာဂတ်ကို အတူတကွပုံဖော်ရန် ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်သည်။

ထိုပူးပေါင်းဆောင်ရွက်မှုသည် ၁၀ နှစ်ပြည့်ခဲ့လေပြီ။ ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်အတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ မယုံနိုင်စရာစံနမူနာသစ်တစ်ခု ဖြစ်လာခဲ့သည်။ "တူညီသော မြစ်ရေ တူညီသောက်ကြမ္မာ" ဟူသော ဆောင်ပုဒ်သည် စာသားတစ်ခုအဖြစ်မှ လက်တွေ့ကျသော အေးအတူပူအမျှ လူမှုအသိုက်အဝန်းတစ်ခုသို့ ကူးပြောင်းနိုင်ခဲ့သည်။ မြစ်ဖျားခံရာဒေသမှ မြစ်ဝကျွန်းပေါ်ဒေသအထိ တည်ရှိနေကြသော အဖွဲ့ဝင်ခြောက်နိုင်ငံလုံးသည် ကိုယ်ကျိုးစီးပွားထက် ဒေသတွင်း တည်ငြိမ်သာယာရေးကို ရှေ့တန်းတင်ကာ ရွှေရောင်ဆယ်စုနှစ်တစ်ခုဆီသို့ အတူတကွ ချီတက်လျက်ရှိနေဟု ဖြစ်ပါသည်။

လွန်ခဲ့သော ၁၀ နှစ်တာကာလကို ပြန်လည်ကြည့်ရှုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု(MLC)သည် အရှိန်အဟုန်နှင့်လက်တွေ့ကျခြင်းဟူသော ဝိသေသနနှစ်ခုဖြင့် ဒေသတွင်းကို ပြောင်းလဲစေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ MLC သည် အခြားသော ဒေသတွင်းအဖွဲ့အစည်းများနှင့်မတူ၊ စီမံကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသောကြောင့် စာရွက်ပေါ်တွင်သာရှိသော သဘောတူညီချက်များမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ပွင့်လင်းသော အသီးအပွင့်များကို ခံစားရခြင်းဖြစ်သည်။

ပထမဦးစွာ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍတွင် MLC သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု ပမာဏကို နှစ်စဉ် ဒေါ်လာ ဘီလီယံပေါင်းများစွာ အထိ တိုးတက်စေခဲ့သည်။ အထူးရန်ပုံငွေကို အသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန်များကို ဈေးကွက်သို့ တိုက်ရိုက်ပို့ဆောင်နိုင်သည့် နည်းပညာများနှင့် အအေးခန်းသိုလှောင်ရုံ စီမံကိန်းများကို ဖော်ဆောင်နိုင်ခဲ့သည်။ ဤသည်မှာ ဒေသတွင်းရှိ လယ်သမားများနှင့် လုပ်ငန်းရှင်ငယ်များအတွက် အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ပေးခဲ့ခြင်းပင် ဖြစ်သည်။

ဒုတိယအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် ဤဆယ်စုနှစ်၏ အကြီးမားဆုံးအောင်မြင်မှု တစ်ခုဖြစ်သည်။ MLC အစီအစဉ်ဖြင့် ဒေသတွင်းက ကျောင်းသား ကျောင်းသူများနှင့် ပညာရှင်ပေါင်းသောင်းနှင့်ချီ၍ ပညာသင်ဆုများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာ ဖလှယ်မှု အစီအစဉ်များကို ရရှိခဲ့ကြသည်။ ဤသည်မှာရုပ်ဝတ္ထုများ တည်ဆောက်ရုံသာမက အနာဂတ်ကို တည်ဆောက်မည့် လူသားများကိုပါ ပျိုးထောင်ပေးလိုက်ခြင်းဖြစ်သည်။

အားအကောင်းဆုံးသော ဖွံ့ဖြိုးမှုအင်ဂျင်တစ်ခုဖြစ်

ထို့အပြင် ပြည်သူ့အချင်းချင်း ထိတွေ့ဆက်ဆံမှုသည်လည်း သိသိသာသာ အားကောင်းလာခဲ့သည်။ ယဉ်ကျေးမှုပွဲတော်များ၊ မီဒီယာဖလှယ်မှုများနှင့် ခရီးသွားလာရေးကဏ္ဍများ ဖြင့်တင်ပေးခြင်းဖြင့် မဲခေါင်-လန်ချန်းမိသားစုဝင်များအကြား အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ၁၀ နှစ်တာခရီးအတွင်း MLC သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချပေးနိုင်သည့် အားအကောင်းဆုံးသော ဖွံ့ဖြိုးမှုအင်ဂျင် တစ်ခုအဖြစ် ကမ္ဘာ့မျက်နှာစာတွင် ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC ၏ အောင်မြင်မှု သမိုင်းကြောင်းကို ပြန်လှန်ကြည့်လျှင် မြန်မာနိုင်ငံက ဝတ်ကျေတာမ်းကျေ ပါဝင်ခဲ့ခြင်းမဟုတ်ဘဲ ရှေ့တန်းမှ တက်ကြွစွာပါဝင်သူအဖြစ် ရပ်တည်ခဲ့သည်ကို ထင်ရှားစွာတွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှကို ဆက်သွယ်ပေးထားသည့် တံခါးပေါက်ဖြစ်သလို MLC မိသားစု၏ အရေးပါသော အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ခိုင်မာစေရန် အစဉ်တစိုက်ကြိုးပမ်းခဲ့သည်။

မြန်မာနိုင်ငံ၏ ပါဝင်မှုတွင် အထင်ရှားဆုံးသော မှတ်တိုင်မှာ အလှည့်ကျပူးတွဲဥက္ကဋ္ဌ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ တရုတ်နိုင်ငံနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်အတွင်း မြန်မာနိုင်ငံသည် ရလဒ်ကိုအခြေခံသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရန် ဦးဆောင်နိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံသည် MLC ၏ အခြေခံမူများဖြစ်သည့် အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်ကိုင်စွဲကာ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုပိုမိုခိုင်မာစေရန် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသည် MLC ၏ လုပ်ငန်းကဏ္ဍ ငါးခုလုံးတွင် ကော်မတီအဆင့်ဆင့်၊ အစည်းအဝေးအဆင့်ဆင့်၌ တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး မိမိနိုင်ငံ၏ အကျိုးစီးပွားသာမက ဒေသတွင်း တစ်ခုလုံး၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်သော အကြံပြုချက်များကိုလည်း အစဉ်တစိုက်တင်ပြခဲ့သည်။ အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ ပါဝင်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော မဏ္ဍိုင်တစ်ခုဖြစ်ခဲ့သည်။

ယင်းသို့တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ၏ အခန်းကဏ္ဍ မြင့်မားလာစေရုံသာမက MLC ၏ အားကိုးထိုက်သော ခိုင်မာသည့် ဒေသတွင်းယန္တရား တစ်ခု ဖြစ်လာစေရန်အတွက် တွန်းအားပင် ဖြစ်သည်။

စီမံကိန်းပေါင်း ၉၀ ကျော်ကို အကောင်အထည်ဖော်နိုင်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားချက်မှာ စကားလုံးများထက် လုပ်ရပ်များကို ပိုမိုဦးစားပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် MLC သည် အဝေးကလှမ်းကြည့်ရုံသာရှိသည့် မူဝါဒတစ်ခုမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် အသက်ဝင်နေသည့် စီမံကိန်းများအဖြစ် တည်ရှိနေသည်။ MLC အထူးရန်ပုံငွေကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စီမံကိန်းပေါင်း ၉၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ဤပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသော သက်သေပင်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် မဲခေါင်-လန်ချန်း စိုက်ပျိုးရေးနှင့် နည်းပညာစင်တာများ တည်ထောင်ခြင်း၊ အရည်အသွေးမြင့် မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းတို့ကြောင့် ကျေးလက်စီးပွားရေးကဏ္ဍကိုလည်း မြင့်တင်ပေးနိုင်ခဲ့သည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းများတွင် ရောဂါထိန်းချုပ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးမြင့်တင်ခြင်း စီမံကိန်းများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် လမ်းစဖွင့်ပေးခဲ့သည်။

ပညာရေးနှင့် လူမှုဘဝမြင့်တင်ရေးအပိုင်းတွင်လည်း MLC သည် အားကိုးထိုက်သော အင်အားတစ်ခုဖြစ်ခဲ့သည်။ ဝေးလံခေါင်ဖျားသော ဒေသများရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ပေးခြင်းနှင့် နည်းပညာတက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို ပံ့ပိုးပေးခြင်းတို့သည် နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို ပျိုးထောင်ပေးခြင်းပင် ဖြစ်သည်။

အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် MLC သည် ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပံ့ပိုးပေးရုံသာမက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာများကိုပါ ကူညီတည်ဆောက်ပေးခဲ့သည်။ ဤစီမံကိန်းများသည် မြို့ပြသို့သာမက ကျေးလက်နေပြည်သူများ၏ တစ်နေ့တာလူမှုဘဝများထဲအထိ ရောက်ရှိသွားကာ မဲခေါင်-လန်ချန်း မိသားစုစိတ်ဓာတ်ကို မြန်မာပြည်သူတို့၏ နှလုံးသားထဲတွင် လက်တွေ့ကျကျစိုက်ပျိုးပေးနိုင်ခဲ့ပါသည်။

ကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေး

ခေတ်သစ်စီးပွားရေးကဏ္ဍတွင် ချိတ်ဆက်မှုသည် ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများ ချောမွေ့စွာ စီးဆင်းနိုင်ရန် မဲခေါင်-လန်ချန်း စီးပွားရေးဧကြီးကို ဖော်ဆောင်လျက်ရှိသည်။ ဤစီမံကိန်းသည် ရုပ်ပြလမ်းပန်းဆက်သွယ်ရေးသာမကဘဲ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ချိတ်ဆက်မှုများကိုပါ တစ်ပါတည်း တည်ဆောက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဤစီးပွားရေးစကြီး၏ မဟာဗျူဟာမြောက် ဗဟိုချက်တွင် တည်ရှိသည်။ MLC အစီအစဉ်အောက်ရှိ လမ်းတံတားနှင့် အခြေခံအဆောက်အဦ စီမံကိန်းများသည် နယ်စပ်ဒေသများကို ဗဟိုစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ပေးကာ ကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေးသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ ပတ်လမ်းကြောင်း တစ်ခုနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ထားခြင်းကြောင့် မြန်မာ့ထွက်ကုန်များသည် ဒေသတွင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်သို့ပါ ပိုမိုမြန်ဆန်စွာရောက်ရှိနိုင်သည့် အလားအလာများ ပွင့်လန်းလာခဲ့သည်။

ထို့အပြင် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုကိုလည်း တစ်ပြိုင်တည်း မြှင့်တင်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော် အီးကောမာ့စ်နှင့် ခေတ်မီအကောက်ခွန်စနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စိတ်ချရစေသည်။ ဤစီးပွားရေးစကြီးသည် မြို့ပြနှင့် ကျေးလက်ကြား၊ နိုင်ငံတစ်ခုနှင့်တစ်ခုကြား

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ကွာဟချက်များကို ပေါင်းကူးပေးကာ ဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် အားကိုးထိုက်သော ကွန်ရက်ကြီးတစ်ခု ဖြစ်လာခဲ့သည်။

ယင်းကဲ့သို့ ချိတ်ဆက်မှုများ အားကောင်းလာခြင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှု အခြေခံသည့် စီးပွားရေးစနစ်မှသည် ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဗဟိုပြုသည့် စီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရန် ခိုင်မာသောခြေလှမ်းများကို လှမ်းနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကမဏ္ဍိုင်တစ်ခုမှာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဖြစ်

မဲခေါင်မြစ်သည် ဒေသတွင်းနိုင်ငံများအတွက် စီးပွားရေးအရင်းအမြစ်တစ်ခုမျှသာ မဟုတ်ဘဲ သက်ရှိထင်ရှားရှိနေသော သဘာဝအမွေအနှစ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကမဏ္ဍိုင်တစ်ခုမှာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဖြစ်သည်။ မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းနိုင်ငံများအကြား ရေကို တရားမျှတစွာခွဲဝေသုံးစွဲနိုင်ရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးသည် MLC ၏ အလေးအနက်ထားရမည့် တာဝန်တစ်ခု ဖြစ်လာခဲ့သည်။

ပြီးခဲ့သောဆယ်စုနှစ်အတွင်း MLC သည် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးစင်တာကို တည်ထောင်ကာ အဖွဲ့ဝင်နိုင်ငံများအကြား ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ မျှဝေနိုင်ခဲ့သည်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် စောစီးစွာ သတိပေးစနစ်ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာတန်ဖိုးရှိလှသည်။

မြန်မာနိုင်ငံသည် ဤပူးပေါင်းဆောင်ရွက်မှု အောက်တွင် မြစ်ချောင်းများ ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုကာကွယ်ရေးနှင့် ဧဝမျိုးစုံ၊ မျိုးကွဲများ ကာကွယ်စောင့်ရှောက်ရေး စီမံကိန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် မြစ်ကြောင်းတစ်လျှောက်နေထိုင်ကြသော ပြည်သူများ၏ သဘာဝပတ်ဝန်းကျင် လုံခြုံမှုရှိစေရန်အတွက် နည်းပညာဖလှယ်မှုများကို လည်း ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ယနေ့ မျိုးဆက်အတွက်သာမက နောင်လာနောက်သားများအတွက်ပါ မဲခေါင်မြစ်ကြီးကို အမွေပေးနိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ စီမံလန်းသော မဲခေါင်-လန်ချန်း ရည်ရွယ်ချက်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ထိန်းညှိခြင်းသည် MLC ၏ အနှစ်သာရတစ်ခုပင်ဖြစ်သည်။

ဆယ်စုနှစ်တစ်ခု၏ အောင်မြင်မှုများကို ဂုဏ်ယူဝင့်ကြွားစွာ ကြည့်ရှုနေစဉ်မှာပင် ကျွန်ုပ်တို့သည် ရှေ့ဆက်ရမည့် ခရီးစဉ်တွင် ရှိနေသော အတားအဆီးများကို မျက်ကွယ်ပြု၍ မရနိုင်ပါ။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC သည် ယခုအခါတွင် အရှိန်အဟုန်ပြင်းစွာ မောင်းနှင်နေသော ယန္တရားတစ်ခုဖြစ်သော်လည်း ပြောင်းလဲလာသော ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေ၊ ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် ရာသီဥတုဖောက်ပြန်မှုများက စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေခဲ့သည်။

ပထမဦးစွာ စီးပွားရေးပြန်လည်ကုစားမှုသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအပြီးတွင် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုနှုန်းကို အနည်းငယ်နှေးကွေးစေခဲ့သည်။ ဤအတားအဆီးကို ကျော်လွှားရန်အတွက် MLC အနေဖြင့် ယခင်ကထက် ပိုမိုခိုင်မာသော ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရမည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ ဆိုက်ဘာလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါး ကုန်သွယ်မှုများသည် ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ဤစိန်ခေါ်မှုများသည် နိုင်ငံတစ်ခုတည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ MLC မိသားစုဝင်များအားလုံး၏ စုပေါင်းအင်အားသတင်းအချက်အလက် မျှဝေမှုနှင့် ဥပဒေဆိုးဖိုးရေး ဆိုင်ရာ တင်းကျပ်သော ပူးပေါင်းဆောင်ရွက်မှုများ ဖြင့်သာ အောင်မြင်စွာ တွန်းလှန်နိုင်မည်ဖြစ်သည်။

ရှေ့ဆက်ရမည့်ခရီးသည် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောယုံကြည်မှု တို့ကို တောင်းဆိုနေပေသည်။ စိန်ခေါ်မှုများကို

> **"MLC အနေဖြင့် စီမံလန်းသောစက်မှုဇုန်များ တည်ထောင်ခြင်းကို အားပေးသင့်သည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများနှင့်အညီ လည်ပတ်နိုင်ရန် နည်းပညာနှင့် အရင်းအနှီးများ ကူညီပေးရမည်ဖြစ်သည်။ အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ဂေဟစနစ်ကိုအခြေခံသော ခရီးသွားလုပ်ငန်းများအား မြှင့်တင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ဝင်ငွေကို တိုးတက်စေကာ သဘာဝတောတောင်များကိုလည်း တစ်ပါတည်း စောင့်ရှောက်နိုင်မည်ဖြစ်သည်။**

အနာဂတ်၏ MLC သည် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်သော အဖွဲ့အစည်းမဟုတ်ဘဲ ကမ္ဘာမြေ၊ ပြည်သူနှင့် သာယာဝပြောမှုဟူသော အချက် (၃) ချက်ကို ဟန်ချက်ညီညီပေါင်းစပ်ပေးသည့် စံပြယန္တရားတစ်ခုဖြစ်လာရန် အကြံပြုလိုပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC ၏လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုသည် ရောင်နီဝေဆာသော အစပျိုးခြင်းသာဖြစ်သည်။ ဤမြစ်ကြီး၏ ရေစီးသံသည် အဖွဲ့ဝင် ခြောက်နိုင်ငံလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးမှုတို့၏ တေးသံအဖြစ် ပဲ့တင်ထပ်ခဲ့လေပြီ။ မြန်မာနိုင်ငံအတွက်လည်း MLC သည် အိမ်မီနီးချင်းကောင်းပီသမှု၏ သက်သေဖြစ်သလို နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ရာတွင် အားကိုးထိုက်သော မဟာဗျူဟာမြောက် လက်တွဲဖော်လည်းဖြစ်သည်။

ကျွန်ုပ်တို့ဖြတ်သန်းခဲ့သော ၁၀ နှစ်တာ ခရီးစဉ်သည် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းဟူသော သင်ခန်းစာကို ပေးခဲ့သည်။ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာကဏ္ဍများတွင် ရရှိခဲ့သော အောင်မြင်မှုများသည် နောက်ထပ်ဆယ်စုနှစ်များစွာအတွက် ခိုင်မာသောအုတ်ဖြစ်များပင်ဖြစ်သည်။ ရှေ့ဆက်မည့်ခရီးတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ ရှိနေဦးမည်ဖြစ်သော်လည်း မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူ မိသားစုစိတ်ဓာတ်ဖြင့် လက်ချင်းတွဲလိုက်လျှင် ကျွန်ုပ်တို့ မကျော်လွှားနိုင်သော အခက်အခဲဟူသည် မရှိနိုင်ပါ။

အနာဂတ်၏ မဲခေါင်-လန်ချန်းဒေသသည် ယခင်ကထက် ပိုမိုစိမ်းလန်းပြီး ပိုမိုခေတ်မီကာ ပိုမိုသာယာဝပြောသော ကံကြမ္မာတူ အသိုက်အဝန်းတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ဤရွှေရောင်ခရီးစဉ်တွင် တက်ကြွသော အင်အားစုအဖြစ်၊ အားကိုးထိုက်သော အိမ်နီးချင်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကာ မဲခေါင်မြစ်မကြီးနှင့်အတူ ထာဝရရှင်သန် ဖွံ့ဖြိုးတိုးတက်နေဦးမည်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းသည်သာ MLC ၏ နောက်ထပ်ဆယ်စုနှစ်အတွက် အောင်မြင်သော သော့ချက်ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိရင်ဆိုင်နေရသော ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းများနှင့် နုနယ်သော အသွင်ကူးပြောင်းရေးကာလသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့ ခက်ခဲသည့်အခြေအနေများ ကြားကပင် မြန်မာ့ခေါင်းဆောင်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်လျက်ရှိပေသည်။

ခိုင်မာသည့် သံတမန်ရေးရာ ရပ်တည်ချက်ကို ပြသ

မြန်မာနိုင်ငံ၏ ခေါင်းဆောင်ပိုင်းသည် MLC ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက် မဏ္ဍိုင်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် ပြည်တွင်းရေးအခက်အခဲများ ရှိနေလင့်ကစား ဒေသတွင်းတည်ငြိမ်ရေးနှင့် စီးပွားရေးပြန်လည်နိုးထပစေရန်အတွက် MLC အစည်းအဝေးများ၊ ထိပ်သီးဆွေးနွေးပွဲများနှင့် စီမံကိန်းအကောင်အထည်ဖော်မှုများတွင် ရပ်တန့်သွားခြင်းမရှိဘဲ တက်ကြွစွာ ပါဝင်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံရေးအခြေအနေမည်သို့ပင် ရှိစေကာမူ အိမ်နီးချင်းနိုင်ငံများနှင့် လက်တွဲ၍ ဒေသတွင်းအကျိုးစီးပွားကို ရှေ့တန်းတင်လိုသည့် မြန်မာနိုင်ငံ၏ခိုင်မာသည့် သံတမန်ရေးရာရပ်တည်ချက်ကို ပြသနေခြင်းပင် ဖြစ်ပေသည်။

ထို့အပြင် ဘေးကင်းလုံခြုံသော မဲခေါင်ဒေသ ဖြစ်ပေါ်လာစေရန်အတွက် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေးနှင့် ဆိုက်ဘာလိမ်လည်မှု နှိမ်နင်းရေးတို့တွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိပါသည်။ ခေါင်းဆောင်များ၏ ဤကဲ့သို့ မျက်ခြည်မပြတ် အားစိုက်ဆောင်ရွက်မှုကြောင့်သာ MLC စီမံကိန်းများသည် မြန်မာ့မြေပေါ်တွင် ဆက်လက် အသက်ဝင်နေပြီး ပြည်သူများအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဆက်လက်ဖော်ဆောင်ပေးနိုင်ခြင်း ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဒုတိယဆယ်စုနှစ်သို့ ခြေလှမ်းလှမ်းရာတွင် လျစ်လျူရှုမရသော ကဏ္ဍမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဖြစ်သည်။ ကမ္ဘာ့စီးပွားရေးစနစ်သည် ရုပ်ပိုင်းဆိုင်ရာ ကုန်သွယ်မှုမှသည် အချက်အလက်နှင့် နည်းပညာအခြေပြု စီးပွားရေးစနစ်သို့ ကူးပြောင်းနေပြီဖြစ်သည်။ ထို့ကြောင့် MLC ၏ ရှေ့ဆက်မည့် မဟာဗျူဟာတွင် (Digital Mekong) ဖော်ဆောင်ရေးကို ထိပ်တန်းဦးစားပေးအဖြစ် ထည့်သွင်းရန် အကြံပြုလိုပါသည်။

မြန်မာနိုင်ငံအတွက်မူ ဒစ်ဂျစ်တယ်စီးပွားရေးသည် ပထဝီဝင်နှင့် အခြေခံအဆောက်အဦးဆိုင်ရာ အကန့်အသတ်များကို ကျော်လွှားနိုင်မည့် ဖြတ်လမ်းတစ်ခုဖြစ်သည်။ MLC အနေဖြင့် မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော 5G ကွန်ရက်များ တည်ဆောက်ခြင်း၊ နည်းပညာမြင့် ဒေတာစင်တာများ ထူထောင်ခြင်းနှင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ အပြန်အလှန်ချိတ်ဆက်ခြင်းတို့ကို ပံ့ပိုးပေးသင့်သည်။ ဤသည်မှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ပိုမိုမြန်ဆန်စေရုံသာမက ဝေးလံခေါင်ဖျားဒေသရှိ လူငယ်များအတွက် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးမည်ဖြစ်သည်။

ထို့ပြင် စမတ်စိုက်ပျိုးရေးနည်းပညာများကို MLC အထူးရန်ပုံငွေဖြင့် ပိုမိုတိုးချဲ့သင့်သည်။ အိုင်အိုတီ (IOT) နည်းပညာနှင့် ဒုရုန်းများကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ရာသီဥတုခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ရယူခြင်းတို့သည် မြန်မာ့လယ်ယာကဏ္ဍကို ခေတ်မီစေမည်ဖြစ်သည်။ အနာဂတ် MLC သည် လမ်းတံတားများ တည်ဆောက်ရုံသာမက ဒစ်ဂျစ်တယ် ပိုးလမ်းမကိုပါ ခိုင်မာအောင် တည်ဆောက်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများအကြား နည်းပညာကွာဟချက်ကို ပေါင်းကူးပေးရမည်ဖြစ်သည်။

ဒစ်ဂျစ်တယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အမြတ်အစွန်းအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှု ဖြစ်လာမည်

နည်းပညာသည် စီးပွားရေးကိုမြှင့်တင်ပေးရုံသာမက အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍများကိုပါ ပွင့်လင်းမြင်သာပြီး ထိရောက်စေမည်ဖြစ်ရာ ဒစ်ဂျစ်တယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် MLC ၏ အနာဂတ်အတွက် အမြတ်အစွန်းအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှု ဖြစ်လာပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဒုတိယဆယ်စုနှစ်ထဲသို့ ခြေစုံပစ်ဝင်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုဟူသော စကားရပ်ကို အဓိပ္ပာယ်အသစ်ဖွင့်ဆိုရမည်ဖြစ်သည်။ ယခင်က စီးပွားရေးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကျွံအသုံးပြုခဲ့ကြသော်လည်း အနာဂတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စိမ်းလန်းသောဖွံ့ဖြိုးမှုကို မဏ္ဍိုင်ပြုရမည်ဖြစ်သည်။ ဤသည်မှာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးကို မြင့်မားစေမည့် ရေရှည်တည်တံ့သော လမ်းစဉ်ပင် ဖြစ်သည်။

ထို့အပြင် MLC အနေဖြင့် စိမ်းလန်းသော စက်မှုဇုန်များ တည်ထောင်ခြင်းကို အားပေးသင့်သည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများနှင့်အညီ လည်ပတ်နိုင်ရန် နည်းပညာနှင့် အရင်းအနှီးများ ကူညီပေးရမည်ဖြစ်သည်။ အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ဂေဟစနစ်ကို အခြေခံသော ခရီးသွားလုပ်ငန်းများအား မြှင့်တင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ ဝင်ငွေကို တိုးတက်စေကာ သဘာဝတောတောင်များကိုလည်း တစ်ပါတည်း စောင့်ရှောက်နိုင်မည်ဖြစ်သည်။

အနာဂတ်၏ MLC သည် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်သော အဖွဲ့အစည်းမဟုတ်ဘဲ ကမ္ဘာမြေ၊ ပြည်သူနှင့် သာယာဝပြောမှုဟူသော အချက် (၃) ချက်ကို ဟန်ချက်ညီညီပေါင်းစပ်ပေးသည့် စံပြယန္တရားတစ်ခုဖြစ်လာရန် အကြံပြုလိုပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC ၏လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုသည် ရောင်နီဝေဆာသော အစပျိုးခြင်းသာဖြစ်သည်။ ဤမြစ်ကြီး၏ ရေစီးသံသည် အဖွဲ့ဝင် ခြောက်နိုင်ငံလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးမှုတို့၏ တေးသံအဖြစ် ပဲ့တင်ထပ်ခဲ့လေပြီ။ မြန်မာနိုင်ငံအတွက်လည်း MLC သည် အိမ်မီနီးချင်းကောင်းပီသမှု၏ သက်သေဖြစ်သလို နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ရာတွင် အားကိုးထိုက်သော မဟာဗျူဟာမြောက် လက်တွဲဖော်လည်းဖြစ်သည်။

ကျွန်ုပ်တို့ဖြတ်သန်းခဲ့သော ၁၀ နှစ်တာ ခရီးစဉ်သည် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းဟူသော သင်ခန်းစာကို ပေးခဲ့သည်။ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာကဏ္ဍများတွင် ရရှိခဲ့သော အောင်မြင်မှုများသည် နောက်ထပ်ဆယ်စုနှစ်များစွာအတွက် ခိုင်မာသောအုတ်ဖြစ်များပင်ဖြစ်သည်။ ရှေ့ဆက်မည့်ခရီးတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ ရှိနေဦးမည်ဖြစ်သော်လည်း မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူ မိသားစုစိတ်ဓာတ်ဖြင့် လက်ချင်းတွဲလိုက်လျှင် ကျွန်ုပ်တို့ မကျော်လွှားနိုင်သော အခက်အခဲဟူသည် မရှိနိုင်ပါ။

အနာဂတ်၏ မဲခေါင်-လန်ချန်းဒေသသည် ယခင်ကထက် ပိုမိုစိမ်းလန်းပြီး ပိုမိုခေတ်မီကာ ပိုမိုသာယာဝပြောသော ကံကြမ္မာတူ အသိုက်အဝန်းတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ဤရွှေရောင်ခရီးစဉ်တွင် တက်ကြွသော အင်အားစုအဖြစ်၊ အားကိုးထိုက်သော အိမ်နီးချင်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကာ မဲခေါင်မြစ်မကြီးနှင့်အတူ ထာဝရရှင်သန် ဖွံ့ဖြိုးတိုးတက်နေဦးမည်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ လာရောက်ဖြေဆိုသူ ၂၁၁၄ ဦးရှိ

နေပြည်တော် မတ် ၁၈

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန စုစုပေါင်း ၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၁၃၄ ဦးရှိပြီး စာမေးပွဲသတ္တမနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်များကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၁၄ ဦး၊ ပျက်ကွက် ၂၀ ရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၀၆ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ဘာသာရပ်- စက်မှုအတတ်ပညာ (မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်၊ စက်မှုပုံဆွဲ) နေ့စွဲ - ၁၈.၃.၂၀၂۶

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ခရိုင်	မြို့နယ်	စာစစ်ဌာန	စာရင်းရှိ			ဖြေဆို			ပျက်ကွက်			ဖြေဆိုရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၂	၂	၂	၈၆	၄၅	၁၃၁	၈၆	၄၅	၁၃၁	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၂	ကယား	၁	၁	၁	၈	၄	၁၂	၈	၄	၁၂	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၃	ကရင်	၁	၁	၁	၄၀	၁၆	၅၆	၄၀	၁၆	၅၆	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၄	ချင်း	၁	၁	၁	၁၂	၅	၁၇	၁၂	၅	၁၇	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၅	စစ်ကိုင်း	၄	၅	၅	၁၁၉	၉၀	၂၀၉	၁၁၈	၈၇	၂၀၅	၁	၃	၄	၉၈.၀၉%	၁.၉၁%	
၆	တနင်္သာရီ	၂	၂	၂	၆	၂	၈	၆	၂	၈	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၇	ပဲခူး(ရေှ့)	၂	၂	၂	၁၀၁	၃၇	၁၃၈	၁၀၁	၃၇	၁၃၈	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၈	ပဲခူး(နောက်)	၂	၂	၂	၈၉	၃၄	၁၂၃	၈၇	၃၃	၁၂၀	၂	၁	၃	၉၇.၅၆%	၂.၄၄%	
၉	မကွေး	၄	၄	၄	၁၅၅	၆၈	၂၂၃	၁၅၂	၆၆	၂၁၈	၃	၂	၅	၉၇.၇၆%	၂.၂၄%	
၁၀	မန္တလေး	၄	၄	၄	၁၆၇	၉၅	၂၆၂	၁၆၅	၉၅	၂၆၀	၂	၀	၂	၉၉.၂၄%	၀.၇၆%	
၁၁	မွန်	၂	၂	၂	၃၁	၂၄	၅၅	၃၁	၂၄	၅၅	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၁၂	ရခိုင်	၁	၁	၁	၇	၁	၈	၇	၁	၈	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၁၃	ရန်ကုန်	၄	၄	၄	၁၆၃	၈၀	၂၄၃	၁၆၃	၈၀	၂၄၃	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၁၄	ရှမ်း(တောင်)	၃	၃	၃	၁၃၃	၁၀၆	၂၃၉	၁၃၂	၁၀၆	၂၃၈	၁	၀	၁	၉၉.၅၈%	၀.၄၂%	
၁၅	ရှမ်း(မြောက်)															
၁၆	ရှမ်း(ရေှ့)	၁	၁	၁	၁၄	၁	၁၅	၁၄	၁	၁၅	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
၁၇	ဧရာဝတီ	၄	၄	၄	၂၀၄	၄၇	၂၅၁	၂၀၁	၄၅	၂၄၆	၃	၂	၅	၉၈.၀၁%	၁.၉၉%	
၁၈	နေပြည်တော်	၂	၂	၂	၁၀၈	၃၆	၁၄၄	၁၀၈	၃၆	၁၄၄	၀	၀	၀	၁၀၀.၀၀%	၀.၀၀%	
	စုစုပေါင်း	၄၀	၄၁	၄၁	၁၄၄၃	၆၉၁	၂၁၃၄	၁၄၃၁	၆၈၃	၂၁၁၄	၁၂	၈	၂၀	၉၉.၀၆%	၀.၉၄%	

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၁၈

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်ကျင်းပခဲ့ရာ ယနေ့တွင် စက်မှုအတတ်ပညာဘာသာတွဲကို နောက်ဆုံးနေ့အဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနလေးခုမှ ကျောင်းသား ကျောင်းသူ ၂၄၃ ဦး ဖြေဆိုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ်၊ မော်ဘီမြို့နယ်၊ ဒဂုံ(တောင်)မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ စာစစ်ဌာနလေးခုမှ စက်မှုအတတ်ပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုအတတ်ပညာအနေဖြင့် မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်များကို ကျောင်းသား ၁၆၃ ဦး၊ ကျောင်းသူ ၈၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

"စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲကို ပထမဆုံးအကြိမ် ကျင်းပတာပါ။ ရန်ကုန်တိုင်းဒေသကြီးက ကျောင်းသား ကျောင်းသူ ၂၄၃ ဦးဟာ စတင်ဖြေဆိုချိန်ကစပြီး ယနေ့ နောက်ဆုံးဘာသာ ဖြေဆိုတဲ့အထိ ပျက်ကွက်သူမရှိဘဲ ရာနှုန်းပြည့် ဖြေဆိုခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲမှာ အများဆုံးဖြေဆိုတဲ့ တိုင်းဒေသကြီး ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ကြိုးစားအားထုတ်မှု အားကောင်းခဲ့တာကြောင့် အောင်မြင်သွားတဲ့အခါမှာ စိုက်ပျိုးရေးနဲ့မွေးမြူရေး တက္ကသိုလ်မှာ တက်ရောက်ခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ မြန်မာနိုင်ငံ အတွက်လည်း ကျွမ်းကျင်ပညာရှင်တွေ ပေါ်ထွန်းလာမှာပါ" ဟု တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဦး (ပညာ)က ပြောသည်။

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုတွင် စက်မှုအတတ်ပညာအနေဖြင့် အဆောက်အဦး လျှပ်စစ်၊ စက်ပစ္စည်း အထူးပြုဘာသာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပေါင်းစပ်သိပ္ပံ၊ မြေတိုင်းပညာ၊ လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ၊ ဂဟေဆက်နည်းပညာ၊ လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ၊ မြို့ပြမြေပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာများကိုလည်းကောင်း၊ စိုက်ပျိုးရေးအတတ်ပညာ အနေဖြင့် မြန်မာစာ၊ သီးနှံထုတ်လုပ်ရေး (၁) (၂) (၃)၊ သီးနှံကာကွယ်ရေးနှင့် လူမှုရေးသိပ္ပံဘာသာရပ်များကိုလည်းကောင်း၊ မွေးမြူရေးအတတ်ပညာ အနေဖြင့် မြန်မာစာ၊ ကြက်မွေးမြူထုတ်လုပ်ရေး၊ ဝက်မွေးမြူထုတ်လုပ်ရေး၊ ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး၊ စားမြို့ပြနှဲသတ္တဝါ မွေးမြူထုတ်လုပ်ရေးဘာသာရပ်များကိုလည်းကောင်း ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

နေ့စဉ်
လမ်းလျှောက်ခြင်း၏
အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် သပြေတန်း မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ဖြင့် သပြေတန်း မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအုပ်စုတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီးတို့က နှစ်ချပ်တွဲ ဆိုလာအနိမ့်ဝိုတင်ပန့်၊ ၂၈ စုံတို့ကို တိုက်ကြီးမြို့နယ်နှင့် ဥက္ကံမြို့မှ တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သပြေတန်းမြစ်ရေတင်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို KTK ကုမ္ပဏီမှ တာဝန်ရှိသူက ပေးအပ်ရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး က လက်ခံရယူသည်။

ဆက်လက်၍ ဆိုလာစနစ်ဖြင့် သပြေတန်း မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းဖွင့်ပွဲကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆိုလာစနစ်ဖြင့် သပြေတန်း မြစ်ရေတင်နှင့် ကျေးရွာမီးလင်းရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းဦးစီးဌာနမှ ဆောင်ရွက်သည့် တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ရေတွင်းကုန်း–မြို့ချောင်း – တော်လတီ– ရွာသာလမ်း မိုင်တိုင် (၂၁) မိုင် မှ (၂၂)မိုင် အတွင်း ၆ ဖာလုံအား ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းချဲ့ခင်းခြင်း လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန်အတွင်း မြင့်မြတ်မြန်မာမြကုမ္ဍဏီလိမိတက်၏ A 14 ရှိ ဧဝဝိုင်ဂ်မွေးမြူထားရှိမှု၊ ကောင်းထက်ကုမ္ဍဏီလိမိတက်၏ A 26 ရှိ ဥစားကြက်အကောင်ရေ ၃၆၀၀၀ မွေးမြူထားရှိမှု၊ လင်းမြတ်မဟာကုမ္ဍဏီလိမိတက်၏ A 29 ရှိ ဆိတ်အကောင်ရေ ၁၀၀၀ နှင့် မြင်းအကောင်ရေ ရှစ်ကောင် မွေးမြူထားရှိမှု၊ Myanmar Livestock Society Developer Group ၏ A 30 ရှိ ဆိတ်နှင့် သိုးအကောင်ရေ ၁၂၀၀ မွေးမြူထားရှိမှု၊ Graet Will ၏ B 10 ရှိ ဒေသန္တရအကောင်ရေ ၁၇၇ ကောင် မွေးမြူထားရှိမှု၊ Sittin Co., Ltd. ၏ A 35 ရှိ ဒေသန္တရအကောင်ရေ ၆၇ ကောင် မွေးမြူထားရှိမှု၊ Crystal liegon Co., Ltd. ၏ B 14 ရှိ ကျွဲအကောင်ရေ ၃၆ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန် အနီးရှိ သနပ်ချောင်းပိတ် ရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှု၊ ရေသိုလှောင်နိုင်မှုနှင့် ကြွံခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ သက်ဆိုင်ရာဘာသာရပ်များအား ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၈

၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်တွင် စတင်ကျင်းပခဲ့ရာ မတ် ၁၇ ရက်တွင် အောင်မြင်စွာ ဖြေဆိုပြီးစီးခဲ့ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲများကို လည်း မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှုနောက်ဆုံးနေ့တွင် သက်ဆိုင်ရာ ဘာသာရပ်များဖြစ်သည့် မြို့ပြပုံဆွဲဘာသာရပ်၊ အခြေခံပရိုဂရမ်မိတ်ဆက် ဘာသာရပ်နှင့် စက်မှုပုံဆွဲဘာသာရပ်နှင့် ပြည်နယ်အသီးသီးရှိ ကျောင်းသားများ ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ထိုသို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရာ စက်မှုအတတ်ပညာတွင် (မြို့ပြပုံဆွဲဘာသာရပ်၊ အခြေခံပရိုဂရမ်မိတ်ဆက် ဘာသာရပ်နှင့် စက်မှုပုံဆွဲဘာသာရပ်) တို့ကို နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်များမှ စာစစ်ဌာနစုစုပေါင်း ၄၁ ခုခွဲ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၁၄ ဦး (၉၉ ဒသမ ၀၆ ရာခိုင်နှုန်း) ဖြင့် ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲနောက်ဆုံးနေ့တွင်ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူတို့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်–

ကျွန်တော်တို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဟာ ကျွန်တော်တို့ရန်ကုန်တိုင်းမှာ လေးကျောင်းရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလေးကျောင်းထဲမှာ ကျွန်တော်တို့ မော်ဘီခရိုင်အနေနဲ့ စက်မှုအထက(၁)ကျောင်းရရှိတာဖြစ်တဲ့အတွက်ကြောင့် အထူးပဲ ကျေးဇူးတင်ဝမ်းသာပါတယ်။ ဒါကြောင့် ဒီနေ့ ကျောင်းသားတွေလည်းပဲ ဒီတက္ကသိုလ်ဝင်စာမေးပွဲကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းအနေနဲ့ ပျက်ကွက်မရှိအောင် ကျွန်တော်တို့ တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒီစာမေးပွဲမှာ စာရင်းရှိ ၁၂၄ ဦးဖြစ်ပြီးတော့ ဖြေဆိုသူ အားလုံးကလည်း ၁၂၄ ဦး ဖြစ်တဲ့အတွက်ကြောင့် ဖြေဆိုရာခိုင်နှုန်း (၁၀၀) ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

စက်မှုဘာသာရပ်ဆိုရင်တော့ တော်တော်များများ ဖြေဆိုနိုင်ခဲ့ပါတယ်။ (အေ) အထိတောင် မှန်းထားပါတယ်။ ဒီကျောင်း တက်ရတာ လျှပ်စစ်အင်ဂျင်နီယာ တစ်ယောက်ဖြစ်ချင်လို့ ET ကို ရွေးချယ်ခဲ့ပါတယ်။ ဒီကျောင်း စဖွင့်မယ်ဆိုကတည်းက မိဘတွေက နောက်ကနေအကုန် ရေကုန်ရေခန်း ကူညီပေးပါတယ်။ ဒီတတိယနှစ်မှာ တော်တော် ကြိုးစားခဲ့ပါတယ်။

၂၀၂۶ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့တွင် စာမေးပွဲဖြေဆိုမှု နောက်ဆုံးရက်အဖြစ် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်

နေပြည်တော် မတ် ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း အမှတ်(၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံးအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ အထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း အမှူထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့် နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးအမျိုးအစားအလိုက် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြရာ တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများကိုယ်တိုင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့အသုံးချ ပါဝင်မီးငြိမ်းသတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရေနံတင်သင်္ဘောအချို့ ဟော်မုဇ်ရေလက်ကြားအစား ပင်လယ်နီလမ်းကြောင်းကို လမ်းကြောင်းသစ်အဖြစ် ရွေးချယ်အသုံးပြုလာ

တိုကျို မတ် ၁၈

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုကြောင့် ဟော်မုဇ်ရေလက်ကြား ပိတ်ပင်တားမြစ်ထားသည့် အတွက် ရေနံတင်သင်္ဘောအချို့နှင့် အခြားရေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ်များသည် အဆိုပါ လမ်းကြောင်းကိုအသုံးပြုမည့်အစားပင်လယ်နီလမ်းကြောင်းကို အသုံးပြုနေကြောင်း သင်္ဘောလုပ်ငန်းဆိုင်ရာ ကြားခံအဖွဲ့အစည်းတစ်ခုက ပြောသည်။

တိုကျိုအခြေစိုက် Atlas ကုမ္ပဏီသည် ဂျပန်နိုင်ငံ အတွင်းနှင့် ပြင်ပရှိသင်္ဘောကုမ္ပဏီများ၏ ရေကြောင်းသွားလာရေးဆိုင်ရာ အချက်အလက်များကို လေ့လာစစ်တမ်းကောက်ယူလျက် ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံ အနောက်ဘက်ခြမ်းရှိ ရန်ဘူဆိပ်ကမ်း၌ ရေနံစိမ်းနှင့် အခြားကုန်စည်များတင်ဆောင်ပြီး လွန်ခဲ့သည့် သီတင်းနှစ်ပတ်ခန့်မှ စတင်ကာ နိုင်ငံခြားအလံတင်သင်္ဘောများက ပင်လယ်နီကို ဖြတ်သန်းသွားလာသည့် ရွေးချယ်စရာ လမ်းကြောင်းသစ်အဖြစ် အသုံးပြုသည့်ဖြစ်စဉ်များ ရှိနေသည်ဟု အဆိုပါကုမ္ပဏီက ပြောသည်။

ရေနံစိမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်လာနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် သင်္ဘောကုန်စည်ခများသည် ပုံမှန်ထက် နှစ်ဆမှ သုံးဆအထိ မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် အချို့သင်္ဘောကုမ္ပဏီများသည်အန္တရာယ်ရှိနိုင်သော ပင်လယ်နီလမ်းကြောင်းကို စွန့်စား၍ အသုံးပြုသည်ဟု ယူဆရကြောင်း သိရသည်။

ဂျပန်သင်္ဘောကုမ္ပဏီများသည် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ဖြတ်သန်းအသုံးပြုခြင်း ဆိုင်းငံ့ထားသည်။ ထို့အပြင် ပင်လယ်နီလမ်းကြောင်းကို ဖြတ်သန်း/အသုံးပြုသော သယ်ယူပို့ဆောင်ရေးယာဉ်

များသည် ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများအပေါ်မူတည်၍ သွားလာရေးအခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်း အဆိုပါကုမ္ပဏီက ထပ်လောင်းပြောကြားသည်။

အင်နန်အိတ်ချ်ကေ

အမေရိကန်နှင့် ဂျပန်ဆွေးနွေးမည့် ထိပ်သီးအစည်းအဝေးပွဲတွင် အလက်စကာရေနံကိစ္စ ထည့်သွင်းဆွေးနွေးရန်ရှိ

တိုကျို မတ် ၁၈

အလက်စကာတွင် ရေနံစိမ်းထုတ်လုပ်ရာ၌ ပူးပေါင်းဆောင်ရွက်သွားရန် ဂျပန်နိုင်ငံက စိတ်ဝင်စားကြောင်း အမေရိကန်နှင့် မကြာမီပြုလုပ်မည့် ထိပ်သီးအစည်းအဝေးတွင် ပြောကြားသွားမည်ဟု ဂျပန်နိုင်ငံက မျှော်မှန်းထားသည်။

အမေရိကန်နှင့် ဂျပန်ထိပ်သီးအစည်းအဝေးပွဲကို မတ် ၁၉ ရက်တွင် အမေရိကန်၌ ပြုလုပ်သွားမည်ဖြစ်သည်။ အလက်စကာ၌ ရေနံစိမ်းထုတ်လုပ်မှုများ တိုးမြှင့်ရာတွင် အမေရိကန်နှင့် အတူတကွ လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ထိပ်သီးအစည်းအဝေးတွင် ဂျပန်အစိုးရက ထုတ်ဖော်ပြောကြားမည်ဟု သတင်းအရင်းမြစ်များက ပြောသည်။

ထို့ပြင်တိုးမြှင့်၍ ထုတ်လုပ်လာသော ရေနံစိမ်းများကို ဂျပန်နိုင်ငံသို့တင်ပို့ရန် တောင်းဆိုသွားမည်ဟု သတင်းရင်းမြစ်များထံမှ သိရသည်။ ဂျပန်နိုင်ငံသည် လတ်တလောဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်းပြဿနာများကြောင့် ရေနံတင်သွင်းမှုအပေါ် စိုးရိမ်မှုများ ကြီးထွားလာသည်။ ဂျပန်နိုင်ငံသည် ရေနံစိမ်းအတွက် အရှေ့အလယ်ပိုင်းဒေသအပေါ် အလွန်အမင်းမှီခိုအားထားနေရသည်။ ဂျပန်နိုင်ငံသို့ ရေနံတင်ပို့မှု ပိုမိုလုပ်ဆောင်နိုင်ရန် ရေနံတင်ဆိပ်ကမ်းကဲ့သို့ အခြေခံအဆောက်အအုံများကို နှစ်နိုင်ငံစလုံးက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

မျိုးဆက်သစ် ရယူကလီးယားဓာတ်ပေါင်းဖိုများကိုလည်း စဉ်းစားလျက်ရှိသည်။ ထိပ်သီးအစည်းအဝေးမတိုင်မီ ဂျပန်နှင့်အမေရိကန် အရာရှိများသည် အသေးစိတ်အချက်အလက်များကို ညှိနှိုင်းဆောင်ရွက်သွားဖွယ်ရှိသည်။

အင်နန်အိတ်ချ်ကေ

အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ ဇွန်လအထိ ဆက်လက်ဖြစ်ပွားလျှင် နောက်ထပ်လူပေါင်း ၄၅ သန်းကျော် ပြင်းထန်သော ငတ်မွတ်မှုဘေးကြုံတွေ့နိုင်

ရောမ မတ် ၁၈

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခ ဇွန်လအထိ ဆက်လက်ဖြစ်ပွားနေဦးမည်ဆိုပါက အစားအစာ၊ စက်သုံးဆီနှင့် သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားလာမှုများကြောင့် နောက်ထပ်လူပေါင်း ၄၅ သန်းကျော် ဆိုးရွားပြင်းထန်သော ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ပြောကြားသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၏ ထုတ်ပြန်ချက်အရ လူပေါင်း ၃၁၉ သန်းခန့်မှာ ပြင်းထန်သော စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း၊ ယင်းမှာ သမိုင်းတစ်လျှောက် အမြင့်ဆုံး ပမာဏဖြစ်ကြောင်း သိရသည်။ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု အခြေအနေမှာ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးအခြေအနေအထိ ရောက်ရှိသွားနိုင်ကြောင်းလည်း အဆိုပါ အေဂျင်စီက ပြောကြားသည်။

ထို့အပြင် ရေကြောင်းသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များသည် လက်ရှိအချိန်တွင် ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း၊ ထိုကဲ့သို့ ကုန်ကျစရိတ်မြင့်တက်လာခြင်းကြောင့် အနာဂတ်တွင် လူသားချင်းစာနာမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်များ အပေါ် ထိခိုက်မှုရှိလာနိုင်ကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။

အင်နန်အိတ်ချ်ကေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အာဂျင်တီးနား တရားဝင်နုတ်ထွက်

ဗျူနိုအေရိစ် မတ် ၁၈

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မတ် ၁၇ ရက်တွင် တရားဝင်နုတ်ထွက်လိုက်ပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ပါဘလို ကွိန်က ပြောသည်။ အာဂျင်တီးနားနိုင်ငံသည် အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ထံစာပို့၍ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် အကြောင်းကြားအသိပေးခဲ့သည်ဟု လူမှုကွန်ရက်မီဒီယာပေါ်တွင် ၎င်းကပြောကြားခဲ့သည်။

ဗီယင်နာ သဘောတူစာချုပ်များဆိုင်ရာ ကွန်ဗင်းရှင်းအရ အဆိုပါ နုတ်ထွက်ခြင်းသည် အကြောင်းကြားစာပေးပို့ပြီးနောက် တစ်နှစ်အကြာတွင် အကျိုးသက်ရောက်သည်။

ဒေသတွင်းဖိုရမ်များနှင့် နှစ်နိုင်ငံ သဘောတူညီမှုများမှတစ်ဆင့် ကျန်းမာရေးနယ်ပယ်တွင် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်းကို လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းက စတင်၍ကြေညာခဲ့သည်။

ကုလသမဂ္ဂအထူးပြု အေဂျင်စီတွင် အာဂျင်တီးနားနိုင်ငံ၏ ပါဝင်မှုကို ရုပ်သိမ်းရန် သမ္မတ ဟာဗီယားမီလေက နိုင်ငံခြားရေးဝန်ကြီးအား ညွှန်ကြားခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ မန်ရှူရယ် အက်ဒေါ်နီက ပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်သည် နိုင်ငံအတွက် လိုအပ်ချက်များ၊ အခြေအနေများနှင့်ကိုက်ညီသည့် မူဝါဒများကိုအကောင်အထည်ဖော်ရာတွင် နိုင်ငံအတွက် ပို၍လိုက်လျောညီထွေဖြစ်စေသည်ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆင်ဟွာ

အရှေ့တောင်အာရှ၌ ရေနံစိမ်းထောက်ပံ့မှုနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ တိုးမြင့်လာချိန်တွင် ဗီယက်နမ်က ဂျပန်ထံမှ အရန်ရေနံများတောင်းဆို

ဟန္တိုင်း မတ် ၁၈

အရှေ့တောင်အာရှ၌ ရေနံစိမ်းထောက်ပံ့မှုနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ တိုးမြင့်လာချိန်တွင် ဗီယက်နမ်က ဂျပန်ထံမှ အရန်ရေနံများ တောင်းဆိုလိုက်သည်။

ဝန်ကြီးချုပ် ဖန်မင်ချင်းသည် မြို့တော်ဟန္တိုင်းတွင် မတ် ၁၇ ရက်က ဂျပန်သံအမတ်ကြီး အိုင်တိုနာအိုကီနှင့် တွေ့ဆုံခဲ့သည်ဟု ဗီယက်နမ်အစိုးရပိုင်မီဒီယာက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်က အစည်းအဝေးအတွင်း အရှေ့အလယ်ပိုင်းအခြေအနေများကို ရှည်ညွှန်းကိုးကားပြီး ရေနံစိမ်းထောက်ပံ့မှုအပေါ် အကျိုးသက်ရောက်နိုင်သည်ဟု ပြောကြားခဲ့သည်။ အကူအညီတောင်းရန် ဂျပန်ဝန်ကြီးချုပ် တာကာအိချိ ဆာနာအဲထံ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်ဟု ၎င်းက ပြောသည်။

ချင်းက ဂျပန်နိုင်ငံမှ ထုတ်ပေးနေသည့် အရန်ရေနံတစ်စိတ်တစ်ပိုင်းကို ဗီယက်နမ်နိုင်ငံသို့ ပေးရန် ဂျပန်သံအမတ်အား တောင်းဆိုခဲ့သည်။ ဂျပန်နိုင်ငံသည် ရေနံစည်ပေါင်း သန်း ၈၀ ဝန်းကျင်ကို စတင်ထုတ်ပေးနေပြီဖြစ်သည်။

ဗီယက်နမ်က တင်သွင်းသည့် ရေနံစိမ်းအများစုသည် အရှေ့အလယ်ပိုင်းမှဖြစ်သည်။ အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် အကျိုး သက်ရောက်မှုများကို ဗီယက်နမ်နိုင်ငံအနေဖြင့် တွေ့ဖြင်လျက်ရှိသောကြောင့် အချို့သော ဓာတ်ဆီဆိုင်များတွင် စက်သုံးဆီ ရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားသည်။

ဗီယက်နမ်သည် ရေနံစိမ်းနှင့် လေယာဉ်လောင်စာဆီများ ဖူလုံစေရန် တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ အကူအညီများကိုလည်း တောင်းခံထားသေးကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံမြို့တော်ဒေလီရှိ အထပ်မြင့်အဆောက်အအုံမီးလောင်မှုဖြစ်ပွား၊ ကိုးဦးသေဆုံး

နယူးဒေလီ မတ် ၁၈

အိန္ဒိယနိုင်ငံ မြို့တော်ဒေလီရှိ အထပ်မြင့်အဆောက်အအုံတစ်ခုအတွင်း မတ် ၁၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူကိုးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပလမ် ဧရိယာအနီး ရမ်ချော့ခ်ဈေးရှိ လေးထပ်အဆောက်အအုံအတွင်းရှိ အထည်နှင့် အလှကုန်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မှုခင်းဆေးပညာနှင့် မှုခင်းအဖွဲ့များသည် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး တရားဥပဒေအရ အရေးယူမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း အဆင့်မြင့် ရဲအရာရှိ ပျေါ့စ်ဝေါက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ အဆောက်အအုံ၏ ဒုတိယနှင့် တတိယထပ်တို့သည် လူနေခန်းများ ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးခန်းတွဲ ငါးထပ် မလိခဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်လှစ်

မြစ်ကြီးနား၊ မတ် ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်အတွင်းရှိမလိခဝန်ထမ်းအိမ်ရာဝင်းရှိအတွင်းလေးခန်းတွဲ ငါးထပ်အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ထမ်းအိမ်ရာမျက်နှာစာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လေးခန်းတွဲ ငါးထပ် မလိခဝန်ထမ်းအိမ်ရာ တိုက်အမှတ် (၂၀) အဆောက်အအုံသစ်အား တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တိုက်အမှတ်(၂၀) အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဝန်ထမ်းများနေထိုင်နိုင်ရေး အခန်းများဖွဲ့စည်းတည်ဆောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသော ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဖွင့်ပွဲအပြီးတွင် တတိယအကြိမ် ကျင်ပြည်နယ်လွတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်သည် တတိယအကြိမ် ကျင်ပြည်နယ်လွတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ပြည်နယ်လွတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် လွတ်တော်တက်ရောက်ရန် ရောက်ရှိလာကြသည့် လွတ်တော်ကိုယ်စားလှယ်များအား ကြိုဆိုမိတ်ဆက်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်ခံလွတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်လွတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က လွတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ လွတ်တော်အစည်းအဝေးကျင်းပခြင်း၊ ဥပဒေပြုရေး၊ အဆို၊ မေးခွန်းဆိုင်ရာများ၊ ရေးရာကော်မတီဆိုင်ရာများနှင့် ယခင်လွတ်တော်များ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးက တတိယအကြိမ် ကျင်ပြည်နယ် လွတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပသွားမည့်အစီအစဉ်များနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ လွတ်တော်အစည်းအဝေးခန်းမတွင် အသုံးပြုသည့် အသံပိုင်းဆိုင်ရာများ၊ e-Voting စက်များ အသုံးပြုခြင်းဆိုင်ရာ ရှင်းလင်းတင်ပြချက် ဗီဒီယိုဖိုင်ကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့က လုံခြုံရေးဆိုင်ရာများ စီစဉ်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ ပညာပါရမီဘော်ဒါကျောင်း၌ ဗန်းမော်တပ်နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကြီးကြပ်ရေးဆရာမများ၊ Grade-12 ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ အဆင်ပြေစွာနေထိုင်သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်အတွင်း ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ဏီက တည်ဆောက်လျက်ရှိသော ခေတ်မီမြို့တော်ခန်းမသစ် တည်ဆောက်ပြီးစီးမှုနှင့် အပြီးသတ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

လွိုင်ကော် မတ် ၁၈

၂၀၂၆ ခုနှစ် လွိုင်ကော်မြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ချိကယ်စာစစ်ဌာနတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေကြသည့် အစိုးရနည်းပညာအထက်တန်းကျောင်း (လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် စာဖြေခန်းများအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲအောင်မြင်စွာဖြေဆိုနေမှုကိုကြည့်ရှုပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးရန် စီမံထားရှိမှုများ၊ စာမေးပွဲဖြေဆိုခန်းများနှင့် ကျောင်းပရိဝုဏ် အတွင်း/အပြင်၌ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးကြီးကြပ်ဆောင်ရွက် နေမှုများကို ကြည့်ရှုကာ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်များအလိုက် စာမေးပွဲဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် မှာကြားကာ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ကွန်ပျူတာ တက္ကသိုလ် (လွိုင်ကော်)တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၅၆ ဦးရှိပြီး စာမေးပွဲများကို မတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း နည်းပညာတက္ကသိုလ် (လွိုင်ကော်) တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၈၁ ဦးရှိပြီး စာမေးပွဲများကို မတ် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ၂၀၂၅ - ၂၀၂၆ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကျပ် ၁၅၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသည့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၏ ခြံစည်းရိုး အုတ်တံတိုင်း ပေ ၁၅၅၀ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ကယားပြည်နယ်အတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် အစီအစဉ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်စက်သုံးဆီကြီးကြပ်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စက်သုံးဆီ ခြိုးခြံချွေတာရေးနှင့် ဖူလုံရေးအတွက် အမှန်တကယ် လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အစီအမံများအတိုင်း စီစစ်ကြီးကြပ်လျက် ရှိကြောင်း၊ ပြည်နယ်အတွင်း စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံရေးအသိပညာပေးကာလကို မတ် ၃ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ စက်သုံးဆီမပြတ်လပ်စေရေးနှင့်ဝယ်ယူသုံးစွဲမှု အဆင်ပြေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ အားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စက်သုံးဆီ ခြိုးခြံချွေတာရေး၊ ဖူလုံရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

နေပြည်တော် မတ် ၁၈

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဧလ

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

◆ **လေထုအရည်အသွေး ကောင်းမွန်ခြင်းသည် ရောဂါဖြစ်ပွားမှုနှုန်းကို လျော့နည်းစေသဖြင့် ဆေးကုသမှုကုန်ကျစရိတ်များကို လျော့ကျစေနိုင်ပြီး လူသားများ၏ အလုပ်လုပ်နိုင်စွမ်း မြင့်မားလာသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသောလေထုသည် လူသားတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားအခြေအနေ တိုးတက်မှုများအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်**

◆ **ကျွန်ုပ်တို့၏ လက်ရှိဆောင်ရွက်မှုများသည် ယနေ့ခေတ် လူသားအားလုံး၏ ကျန်းမာရေးကိုသာမက နောင်လာနောက်သားမျိုးဆက်သစ်များ အမွေဆက်ခံရမည့် ကမ္ဘာမြေကြီး၏ အနာဂတ်ကိုပါ အဆုံးအဖြတ်ပေးမည်ဖြစ်သဖြင့် သန့်ရှင်းသောလေထုကို ရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၊ သက်ဆိုင်ရာအစိုးရဌာနအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်**

ကမ္ဘာ့လေထု

ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးကို မျက်စိဖြင့် မမြင်နိုင်သော လေထု (Atmosphere) သည် ဝန်းရံလွှမ်းခြုံထားလျက်ရှိပြီး သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရန် မရှိမဖြစ်လိုအပ်သော သဘာဝစနစ်တစ်ခု ဖြစ်ပါသည်။

National Aeronautics and Space Administration (NASA) နှင့် National Oceanic and Atmospheric Administration (NOAA) တို့၏ လေ့လာချက်များအရ အဆိုပါလေထုကို နိုက်ထရိုဂျင် (Nitrogen) ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် (Oxygen) ၂၁ ရာခိုင်နှုန်း၊ အာဂွန် (Argon) သုည ဒသမ ၉၃ ရာခိုင်နှုန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် (Carbon Dioxide) အပါအဝင် အခြားဓာတ်ငွေ့များ အနည်းငယ်စီနှင့် ရေခိုးရေငွေ့များဖြင့် ဖွဲ့စည်းထားပါသည်။

လေထုသည် လူသားများအသက်ရှူနိုင်ရန် အောက်ဆီဂျင်ကို ပုံပိုးပေးရုံသာမက နေမှလာသော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည် (UV Radiation) များကို တားဆီးပေးခြင်း၊ အပူချိန်ကို ထိန်းညှိပေးခြင်းနှင့် ရာသီဥတုစနစ်များကို ဖြစ်ပေါ်စေခြင်းတို့တွင် အရေးပါသော လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးပါသည်။ လေထုမရှိပါက ကမ္ဘာမြေသည် အပူချိန်အလွန်မြင့်မားခြင်း သို့မဟုတ် အလွန်နိမ့်ကျခြင်းများ ဖြစ်ပေါ်နိုင်ပြီး သက်ရှိများ အသက်ရှင်သန်နေ မဖြစ်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့လေထုကို အမြင့်အလိုက် Troposphere ၊ Stratosphere၊ Mesosphere ၊ Thermosphere နှင့် Exosphere ဟူ၍ အဓိကအလွှာ ငါးလွှာအဖြစ် ခွဲခြားထားပါသည်။ မြေပြင်နှင့် အနီးဆုံးဖြစ်သော Troposphere အလွှာသည် လူသားများနေထိုင်ရာ ပတ်ဝန်းကျင် ဖြစ်ပြီး ကျွန်ုပ်တို့ နေ့စဉ်ရှူရှိုက်နေရသောလေများရှိရာ နေရာတစ်ခု ဖြစ်သည့်အပြင် မိုးရွာခြင်း၊ လေတိုက်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ အများစုဖြစ်ပေါ်ရာ နေရာလည်းဖြစ်ပါသည်။ ၎င်းအထက်ရှိ Stratosphere အလွှာတွင် အိုဇုန်းလွှာ (Ozone Layer) တည်ရှိကာ UV Radiation များကို အဓိကစုပ်ယူပြီး ကမ္ဘာမြေပေါ်ရှိ သက်ရှိများကို ကာကွယ်ပေးလျက်ရှိပါသည်။

သန့်ရှင်းသော လေထု (Clean Air) ၏ အရေးပါပုံ

လူသားများသည် အချိန်နှင့်အမျှ လေကို ရှူရှိုက်နေရသည်ဖြစ်ရာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးသည် ကျန်းမာရေးအတွက် အဓိကအရေးပါသည့်အရာဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ အချက်အလက်များအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက် ကလေးငယ် ခြောက်သိန်းကျော်အပါအဝင် လူဦးရေ ခုနစ်သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေရပါသည်။ အထူးသဖြင့် $PM_{2.5}$၊ PM_1 နှင့် Ultra fine Particles (UFP) ကဲ့သို့ အလွန်သေးငယ်သော အမှုန်အမွှားများသည် အဆုတ်မှတစ်ဆင့် သွေးကြောများအတွင်း ရောက်ရှိကာ ရောင်ရမ်းမှုကို ဖြစ်စေသဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ အဆုတ်အအေးမိရောဂါနှင့် နာတာရှည်လေပြွန်ရောင်ရောဂါတို့ကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် ၎င်းတို့သည် ဦးနှောက်နှင့် အာရုံကြောစနစ်ကိုပါ ထိခိုက်စေနိုင်ပြီး အယ်လ်ဇိုင်းမား (Alzheimer's) နှင့် ပါကင်ဆန် (Parkinson's)ကဲ့သို့သော ရောဂါများအပြင် ကလေးငယ်များ၏အဆုတ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်ပါသည်။ သန့်ရှင်းသောလေထုသည် ရောဂါအန္တရာယ်များကို ကာကွယ်ပေးကာ လူသားတို့၏ အသက်ရှင်သန်နိုင်ရေးကို အထောက်အကူဖြစ်စေပါသည်။

လေထုညစ်ညမ်းမှုသည် ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်မှုများ အပြင် လူမှုစီးပွားဆိုင်ရာ ဆုံးရှုံးမှုများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပါသည်။ ကမ္ဘာ့ဘဏ် (World Bank) ၏ ခန့်မှန်းချက်အရ လေထုညစ်ညမ်းမှု၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကြောင့် ကမ္ဘာ့စီးပွားရေးသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ထရီလီယံ (ကမ္ဘာ့ GDP ၏ ၆ ဒသမ ၁ ရာခိုင်နှုန်း) ခန့် ဆုံးရှုံးနေရပါသည်။ သန့်ရှင်းသော လေထု (Clean Air) သည် လုပ်ငန်းခွင်ပျက်ကွက်မှုများနှင့် ဆေးကုသစရိတ်များကို လျှော့ချပေးကာ လုပ်သားများ၏ စိတ်ပိုင်းဆိုင်ရာ ကြည်လင်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားကို သိသာစွာမြှင့်တင်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် သန့်ရှင်းသော လေထုရရှိခြင်းသည် ခရီးသွားလုပ်ငန်းနှင့် လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရုံသာမက လူမှုရေးတန်းတူညီမျှမှုကိုပါ ဖော်ဆောင်ပေးနိုင်ပါသည်။

သန့်ရှင်းသောလေထုသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်လည်း အရေးကြီးပါသည်။ လေထုအတွင်းရှိ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဓာတ်ငွေ့များသည် အက်စစ်မိုးကို ဖြစ်ပေါ်စေပြီး သစ်တောများ၊ မြေဆီလွှာနှင့် ရေချိုသယံဇာတများကို ပျက်စီးစေနိုင်ပါသည်။ မြေပြင် အနီးရှိ အိုဇုန်းဓာတ် (Ground–level Ozone) သည် အပင်များ၏အလင်းဖြင့် အစာဖွဲ့စည်းခြင်းလုပ်ငန်းစဉ်ကို ထိခိုက်စေကာ သီးနှံများ၏ အထွက်နှုန်းကိုလည်း လျော့ကျစေနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသောလေထုသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များ၏ ဟန်ချက်ညီမှုကိုလည်း ကာကွယ်ပေးပါသည်။

သန့်ရှင်းသောလေထုသည် ရာသီဥတုပြောင်းလဲမှုနှင့်လည်း တိုက်ရိုက်ဆက်နွယ်နေပါသည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းမှ ထွက်ရှိသော Greenhouse Gas များနှင့် အနက်ရောင် ကာဗွန် (Black Carbon) ကဲ့သို့သော အမှုန်အမွှားများသည် ကမ္ဘာကြီး ပူနွေးလာမှုကို အရှိန်မြင့်တက်စေပါသည်။ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်းသည် ကမ္ဘာ့အပူချိန်ထိန်းညှိမှုနှင့် ရာသီဥတုတည်ငြိမ်မှုအတွက် အရေးပါပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန် အထောက်အကူပြုပါသည်။

သန့်ရှင်းသောလေထုသည် စီးပွားရေးရှုထောင့်အနေဖြင့်လည်း အကျိုးကျေးဇူးများစွာရရှိစေပါသည်။ လေထုအရည်အသွေး ကောင်းမွန်ခြင်းသည် ရောဂါဖြစ်ပွားမှုနှုန်းကို လျော့နည်းစေသဖြင့် ဆေးကုသမှုကုန်ကျစရိတ်များကို လျော့ကျစေနိုင်ပြီး လူသားများ၏ အလုပ်လုပ်နိုင်စွမ်း မြင့်မားလာသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော လေထုသည် လူသားတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားအခြေအနေတိုးတက်မှုများအတွက် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများနှင့် ထိခိုက်နိုင်မှုများ

ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှု (စက်ရုံ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး)၊ သယံဇာတပို့ဆောင်ရေးယာဉ်များ၊ စိုက်ပျိုးရေးဓာတ်မြေဩဇာနှင့် မီသိန်းထုတ်လွှတ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုးနှင့် အမှိုက်မီးရှို့ခြင်း၊ ထင်း၊ မီးသွေးအသုံးပြုပြီး ချက်ပြုတ်ခြင်း။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု (Transboundary Haze Pollution) နှင့် သဘာဝဖြစ်စဉ်များဖြစ်သော တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းတို့သည် လေထုညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုအန္တရာယ်နှင့် လေ့လာတွေ့ရှိချက်များ

လက်ရှိအချိန်တွင် လေထုညစ်ညမ်းမှုသည် ကမ္ဘာပေါ်တွင် ဦးစားပေးအနေဖြင့် ဖြေရှင်းဆောင်ရွက်ရမည့် ကျန်းမာရေးပြဿနာ တစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပါသည်။ Health Effects Institute က ထုတ်ပြန်ထားသော State of Global Air Report 2025 အရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကသတ်မှတ်ထားသော $PM_{2.5}$ လေထုအရည်အသွေးလမ်းညွှန်ချက်ထက် မြင့်မားသည့်ညစ်ညမ်းသောလေကို နေ့စဉ်ရှူရှိုက်နေရသည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၇ ဒသမ ၉ သန်းခန့် သေဆုံးခဲ့ရပြီး ယင်းသေဆုံးမှုများ၏ ၈၆ ရာခိုင်နှုန်းခန့်သည် နှလုံးရောဂါနှင့် မှတ်ဉာဏ်ချို့ယွင်းမှု (Dementia) ကဲ့သို့ မကူးစက်နိုင်သောရောဂါများ (Non–communicable Diseases) ဖြစ်ပွားမှု၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်ကြောင်းကို အထူးအလေးပေးဖော်ပြထားပါသည်။

$PM_{2.5}$၊ PM_1 နှင့် Ultra Fine Particles (UFP) ကဲ့သို့ အလွန်သေးငယ်သော PM အမှုန်အမွှားများသည် အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ဝင်ရောက်နိုင်ပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာ၊ နာတာရှည်လေပြွန်ရောင်ရောဂါတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားပါသည်။ ထို့အပြင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ခုနှစ်သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အချက်အလက်များတွင် ဖော်ပြထားပါသည်။ အထူးသဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများသည် လေထုညစ်ညမ်းမှု၏ ထိခိုက်မှုကို ပိုမိုခံစားရသော အုပ်စုများဖြစ်ပြီး သုတေသနပြုချက်များအရ ဦးနှောက်ဖွံ့ဖြိုးမှု၊ မှတ်ဉာဏ်စွမ်းရည်နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် သက်ရောက်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ဂေဟစနစ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များအတွက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ Global Environment Outlook (GEO–7) အစီရင်ခံစာတွင် လေထုအတွင်းရှိ Nitrogen Oxides (NO_x) နှင့် Sulfur Dioxide (SO_2) တို့သည် ဓာတ်ပြုကာ အက်စစ်မိုး (Acid Rain) ဖြစ်ပေါ်စေပြီး သစ်တောများ၊ မြေဆီလွှာနှင့် ရေချိုသယံဇာတများကို ပျက်စီးစေပါသည်။ Ground–level Ozone သည် အပင်များ၏ အလင်းဖြင့် အစာချက်ခြင်းဖြစ်စဉ်ကို ထိခိုက်စေကာ စိုက်ပျိုးရေးအထွက်နှုန်း လျော့ကျစေခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် အပြန်အလှန်ဆက်စပ်နေပြီး ဆိုးကျိုးဖြစ်ပေါ်စေနိုင်သော Vicious Cycle တစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းမှ ထွက်ရှိသော Greenhouse Gases နှင့် Black Carbon တို့သည် ကမ္ဘာကြီး ပူနွေးလာမှုကို အရှိန်မြင့်စေပြီး လေထုညစ်ညမ်းမှုကို လျော့ချနိုင်ခြင်းသည် ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရေးနှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။

World Bank ၏ ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့စီးပွားရေးသည် တစ်နှစ်လျှင် GDP ၏ ခြောက်ရာခိုင်နှုန်းခန့် ဆုံးရှုံးနေပါသည်။ ကျန်းမာရေးကုန်ကျစရိတ်များ မြင့်တက်ခြင်းနှင့် လုပ်သား၊ ထုတ်လုပ်မှုစွမ်းအားများ ကျဆင်းခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ပါသည်။ World Economic Forum ၏ Global Risks Report 2025 တွင်လည်း လေထုညစ်ညမ်းမှုကို အကြီးမားဆုံး ကမ္ဘာလုံးဆိုင်ရာအန္တရာယ်များအနက် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်း၏ အရေးပါပုံ

လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းသည် ပြည်သူ့ကျန်းမာရေးကို ကြိုတင်ကာကွယ်နိုင်ရန်၊ သန့်ရှင်းသောလေထုဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်၊ လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို လေ့လာနိုင်ရန်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သိပ္ပံနည်းကျအခြေခံ ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ $PM_{2.5}$ နှင့် ဓာတ်ငွေ့များ မြင့်တက်နေချိန်ကို အချိန်နှင့်တစ်ပြေးညီသိရှိခြင်းဖြင့် ကြိုတင်သတိပေးချက်များထုတ်ပြန်ကာ ပြည်သူလူထု၏ ကျန်းမာရေးကို ကာကွယ်နိုင်ပါသည်။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များကဲ့သို့ ဒေသတွင်းပြဿနာများကို နိုင်ငံအချင်းချင်း ပူးပေါင်းဖြေရှင်းရာတွင် တိုင်းတာရရှိသော လေထုအရည်အသွေးအချက်အလက်များသည် ခိုင်မာသော အထောက်အထားများဖြစ်လာမည် ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများ၏ ထုတ်လွှတ်အခိုးအငွေ့များကို စောင့်ကြည့်စစ်ဆေးခြင်းအားဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ဂေဟစနစ်အပေါ်ထိခိုက်မှုကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေရည်စုဆောင်းရရှိသော အချက်အလက်များသည် ရာသီဥတုပြောင်းလဲမှုပုံစံများကို ခန့်မှန်းနိုင်ရန်နှင့် သက်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်အတွက် အရေးပါသော သိပ္ပံနည်းကျ အခြေခံအချက်အလက်များဖြစ်ပါသည်။

ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်း နည်းလမ်းများ

လေထုအရည်အသွေးကို စောင့်ကြည့်လေ့လာဆန်းစစ်ရန်အတွက် နည်းပညာအမျိုးမျိုးအသုံးပြုလျက်ရှိပြီး သမားရိုးကျတိုင်းတာသည့် နည်းလမ်းများအပြင် ခေတ်မီ Artificial intelligence (AI) နည်းပညာများအထိ ဆက်လက်ဖွံ့ဖြိုးလျက်ရှိပါသည်။ မြေပြင်အခြေစိုက် စံကိုက်တိုင်းတာရေးနည်းလမ်းများ (Reference Monitoring Methods) အနေဖြင့် Filter များအသုံးပြုပြီး $PM_{2.5}$ နှင့် PM_{10} အမှုန်အမွှားများ၏ ဒြပ်ထုကိုတိုင်းတာခြင်းအတွက် Gravimetric Method၊ NO_x ဓာတ်ငွေ့များကို အလင်းပြန်မှုမှ တိုင်းတာခြင်းအတွက် Chemiluminescence နည်းလမ်း၊ O_3 နှင့် SO_2 တိုင်းတာခြင်းအတွက် UV Absorption နည်းလမ်းနှင့် CO တိုင်းတာခြင်းအတွက် Infrared Absorption နည်းလမ်းစသည့် တိကျမှုမြင့်မားသောစနစ်များကို အသုံးပြုနေကြပါသည်။

ပြိုဟ်တုမှတစ်ဆင့် စောင့်ကြည့်လေ့လာခြင်း (Satellite Remote Sensing) နည်းလမ်းများဖြင့်လည်း မြေပြင်စခန်းများမရှိသော ဒေသများကိုပါ ခေတ်မီနည်းလမ်းများဖြင့် စောင့်ကြည့်နိုင်ပြီး NO_2၊ Aerosols နှင့် မီးခိုးမြူများ၏ ပျံ့နှံ့မှုကို ကျယ်ပြန့်စွာလေ့လာနိုင်ပါသည်။ ကုန်ကျစရိတ်သက်သာသော တိုင်းတာရေးစက်ကိရိယာများ (Low–Cost Sensors) နှင့် IoT Monitoring နည်းလမ်းများဖြင့်လည်း လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးအတွက် အသုံးပြုနေကြပြီး အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ ရရှိနိုင်သော်လည်း အဆိုပါစက်များ၏ မှန်ကန်မှုအနေဖြင့် Calibration ပုံမှန်ပြုလုပ်ရန် အထူးလိုအပ်ပါသည်။

Artificial Intelligence (AI) နှင့် Machine Learning နည်းပညာများအသုံးပြုပြီး အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ လေထုညစ်ညမ်းမှုအခြေအနေများ ခန့်မှန်းခြင်း၊ လေထုအရည်အသွေး ညွှန်းကိန်းဖြင့် ကြိုတင်ခန့်မှန်းတွက်ချက်ခြင်း (AQI forecasting) တို့သည် Smart City ဆိုင်ရာစီမံခန့်ခွဲမှုများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် အိမ်တွင်းလေထုအရည်အသွေး တိုင်းတာခြင်း (Indoor Air Quality Monitoring) နည်းလမ်းများသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

Quality Assurance (QA) / Quality Control (QC) နှင့် Data Reliability အတွက် WHO၊ UNEP နှင့် GEMS/AIR လမ်းညွှန်ချက်များအရ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးတွင် QA/QC စနစ်များသည် အလွန်အရေးကြီးပြီး တိုင်းတာရေးစက်များ၏ Calibration၊ Data Validation၊ Network Design နှင့် ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်မှသာ တိုင်းတာရရှိသည့်အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို သေချာစေနိုင်မည်ဖြစ်ပါသည်။

ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများ

ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများအပြင် နိုင်ငံအလိုက်ဆောင်ရွက်မှုများသည်လည်း လေထုအရည်အသွေးစီမံခန့်ခွဲရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ အဓိကမြို့ကြီးများတွင် ပုံမှန်တိုင်းတာမှတ်များ သတ်မှတ်ထားရှိပြီး $PM_{2.5}$၊ PM_{10}၊ NO_2၊ SO_2၊ O_3 နှင့် CO စသည့် အဓိကအရေးပါသော Parameter ခြောက်မျိုးကို ပုံမှန်တိုင်းတာကာ လေထုအရည်အသွေးလေ့လာဆန်းစစ်လျက်ရှိပြီး ပြည်သူလူထုထံသို့ အသိပညာနှင့်သတင်းအချက်အလက် ပံ့ပိုးပေးနိုင်ရန်အတွက် တိုင်းတာရရှိလာသည့် လေထုအရည်အသွေးဆိုင်ရာအချက်အလက်များကို လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI) ဖြင့် တွက်ချက်ဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Facebook Page၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Facebook Page များတွင် တစ်လလျှင် နှစ်ကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality Emission Guidelines) ကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး စက်မှုလုပ်ငန်းများမှထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ နှစ်စဉ် လူသန်းပေါင်းများစွာ အရွယ်မတိုင်မီ သေဆုံးရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်သော လေထုညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နိုင်ရန် လိုအပ်လှပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ တိုက်တွန်းထားသည့်အတိုင်း နေရောင်ခြည်၊ လေအားနှင့် ရေအားကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းခြင်းသည် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တစ်ပြိုင်နက်လျော့ပါးစေနိုင်ပြီး မြို့ပြဒေသများတွင် လျှပ်စစ်ယာဉ်များအသုံးပြုမှုကို အားပေးခြင်းနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ပိုမိုအားကောင်းစေခြင်းဖြင့် ယာဉ်အမျိုးမျိုးမှထွက်ရှိလာသော လေထုညစ်ညမ်းစေသည့် အခိုးအငွေ့ထုတ်လွှတ်မှုကို သိသိသာသာလျော့ချနိုင်မည်ဖြစ်ပါသည်။

World Bank ၏ လေ့လာတွေ့ရှိချက်များအရ စက်မှုလုပ်ငန်းများတွင် ထုတ်လွှတ်မှု စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ညစ်ညမ်းမှုထိန်းချုပ်သည့် ကိရိယာများ တပ်ဆင်ခြင်းသည် ရေရှည်တွင် ကျန်းမာရေးကုန်ကျစရိတ်များကို လျော့နည်းစေပြီး စီးပွားရေးအကျိုးအမြတ်များကို ပြန်လည်ရရှိစေနိုင်ပါသည်။ ထို့အပြင် စိမ်းလန်းသော မြို့ပြနေရာများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ကောက်ရိုးမီးရှို့မှုများကို လျှော့ချနိုင်ခြင်း၊ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးစနစ်များ တည်ထောင်ပြီး လေထုအရည်အသွေးကို ပုံမှန်လေ့လာဆန်းစစ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းတို့သည် သန့်ရှင်းသောလေထုရရှိရေးအတွက် မရှိမဖြစ်လိုအပ်သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြစ်ပြီး အဆိုပါအချက်များကို စနစ်တကျပေါင်းစပ် အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် ကမ္ဘာပေါ်ရှိ ကောင်းမွန်သောပတ်ဝန်းကျင်ကို တစ်ပြိုင်နက်တည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုသည့်အချက်များ

သန့်ရှင်းသောလေထုရရှိရေးသည် လူသားတိုင်း၏ အခြေခံအခွင့်အရေးဖြစ်သကဲ့သို့ လူသားတိုင်း၏ တာဝန်လည်းဖြစ်ပါသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအချက်များကို အတူတကွပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအသိပေးအပ်ပါသည်–

- **သတင်းအချက်အလက်ကို လေ့လာပါ** – မိမိနေထိုင်ရာဒေသ၏ လေထုအရည်အသွေး ညွှန်းကိန်း (Air Quality Index–AQI) ကို ပုံမှန်စောင့်ကြည့်ပါ၊ လေထုအရည်အသွေး ကျဆင်းချိန်တွင် နာခေါင်းစည်းတပ်ဆင်ခြင်း၊ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ခြင်းတို့အပါအဝင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပါ။
- **တစ်ဦးချင်း တာဝန်ယူမှုဖြင့် ဆောင်ရွက်ပါ** – စွမ်းအင်ချွေတာခြင်း၊ အများပြည်သူသုံးယာဉ်များကို အားပေးအသုံးပြုခြင်း၊ ကိုယ်ပိုင်ယာဉ်များအသုံးပြုမှုကို တတ်နိုင်သမျှ လျှော့သုံးခြင်း၊ စွန့်ပစ်ပစ္စည်းများကို မီးမရှို့ခြင်းတို့ဖြင့် လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပါ။
- လေထုအရည်အသွေး ကောင်းမွန်ရေးနှင့် လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တတ်အားသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
- **အသိပညာမျှဝေပါ** – လေထုညစ်ညမ်းမှု၏ အန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများအကြောင်းကို မိမိပတ်ဝန်းကျင်ရှိ မိသားစု၊ မိတ်ဆွေများကို ရှင်းလင်းပြောပြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အသိပညာများ ပျံ့နှံ့စေရန် ကူညီပါ။

နိဂုံး

လေထုသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံး၏ အသက်ရှင်သန်မှုအတွက် အလွန်အရေးပါသော အခြေခံစနစ်တစ်ခုဖြစ်ပြီး လေထုအရည်အသွေးကျဆင်းမှုသည် ကျန်းမာရေး၊ ဂေဟစနစ်နှင့် စီးပွားရေးတို့ကို တစ်ပြိုင်နက် သက်ရောက်နေသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သိပ္ပံနည်းပညာများနှင့် အချက်အလက်များကို အခြေခံသည့် သန့်ရှင်းသောလေထုဆိုင်ရာ မူဝါဒများသည် ဖြေရှင်းမှု၏ အခြေခံဖြစ်ပြီး အစိုးရ၊ စီးပွားရေးကဏ္ဍနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသောလေထုနှင့် တည်တံ့ခိုင်မြဲသော အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လက်ရှိဆောင်ရွက်မှုများသည် ယနေ့ခေတ် လူသားအားလုံး၏ ကျန်းမာရေးကိုသာမက နောင်လာနောက်သားမျိုးဆက်သစ်များ အမွေဆက်ခံရမည့် ကမ္ဘာမြေကြီး၏ အနာဂတ်ကိုပါ အဆုံးအဖြတ်ပေးမည်ဖြစ်သဖြင့် သန့်ရှင်းသောလေထုကို ရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၊ သက်ဆိုင်ရာအစိုးရဌာနအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းပြီး တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ကျမ်းကိုးစာရင်း –

https://www.who.int/publications/i/item/B09461
https://www.stateofglobalair.org/resources/archived/state-global-air-report-2024
https://www.stateofglobalair.org/resources/report/state-global-air-report-2025
https://www.weforum.org/publications/global-risks-report-2025
https://www.unep.org/geo/global-environment-outlook-7

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ နှစ်စဉ် လူသန်းပေါင်းများစွာ အရွယ်မတိုင်မီ သေဆုံးရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်သော လေထုညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နိုင်ရန် လိုအပ်လှပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ တိုက်တွန်းထားသည့်အတိုင်း နေရောင်ခြည်၊ လေအားနှင့် ရေအားကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းခြင်းသည် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တစ်ပြိုင်နက်လျော့ပါးစေနိုင်ပြီး မြို့ပြဒေသများတွင် လျှပ်စစ်ယာဉ်များအသုံးပြုမှုကို အားပေးခြင်းနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ပိုမိုအားကောင်းစေခြင်းဖြင့် ယာဉ်အမျိုးမျိုးမှထွက်ရှိလာသော လေထုညစ်ညမ်းစေသည့် အခိုးအငွေ့ထုတ်လွှတ်မှုကို သိသိသာသာလျော့ချနိုင်မည်ဖြစ်ပါသည်။"

လယ်ဝေးမြို့နယ်အတွင်း နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၇ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် ခရမ်းကိုင်း ကျေးရွာအနီးရှိ စနစ်ကျလယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်တွင်ကျင်းပသည့် နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ကောက်စိုက်စက်၊ ဆီဒါတို့ဖြင့် လက်တွေ့စိုက်ပျိုးခြင်းတောင်သူအသိပညာပေးတွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးဆောင်ရွက်လျက်ရှိသည့် နည်းလမ်းများကို စနစ်တကျလိုက်နာအသုံးပြုခြင်းဖြင့် တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသော သီးနှံများရရှိကာ ဝင်ငွေတိုးပွားမည်ဖြစ်၍ ရေရှည်အကျိုးအတွက် ကြိုးစားဆောင်ရွက်နိုင်ရေး မှာကြားသည်။ ထို့နောက် တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုစက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများအား ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများ၊ တောင်သူများလိုက်နာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူများအား သွင်းအားစုများ ပေးအပ်သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများသည် ခရမ်းကိုင်း ကျေးရွာ ကွင်းအမှတ် ၁၈၂၆၊ တောင်သူ ဒေါ်သင်းသင်းခိုင်နှင့် တောင်သူလေးဦးတို့၏ လယ်မြေ ၁၀ ဧကတွင် နှံကောက်နှင့် သက်တမ်းတို ဆင်းသုခစပါးမျိုးတို့အား ကောက်စိုက်စက်၊ ဆီဒါစက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မှန်တောကျေးရွာအနီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လမ်း (မြေသား၊ ရိစာ)လုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

ကျေးသီးမြို့နယ်၌ လူငယ်နှင့်စာပေလေ့လာမှု အသိပညာပေးဆွေးနွေး

ကျေးသီး မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ လူငယ်နှင့် စာပေလေ့လာရေးအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်ရွက်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်စန်းစန်းယဉ်နှင့် ရုံးအကူ ဒေါ်မေသဇင်ဖူးတို့က လူငယ်နှင့်စာပေလေ့လာမှုအကြောင်းများကို ဆွေးနွေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ပေတောမြို့နယ်၌ မော်တော်ယာဉ်များ သတ်မှတ်ရက်အလိုက် အသုံးပြုခြင်း ရှိ မရှိ စစ်ဆေး

ငပုတော မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ စုံ/ မ နံပါတ်အကွာရာ မော်တော်ယာဉ်များအား သတ်မှတ်ရက်အလိုက်အသုံးပြုခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ငပုတောမြို့အဝင်လမ်းဆုံ၌ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအနေဖြင့် သတ်မှတ်ထားသည့် စုံ/မ နေ့ရက်များအတိုင်း ထွက်ခွာသွားလာနိုင်ရေး၊ ခွဲခြားသတ်မှတ်ထားရှိမှုကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ **အောင်သူ(ပြန်/ဆက်)**

ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်

နေပြည်တော် မတ် ၁၈

ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ဥတ္တရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံထူးကအမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ သင်တန်းတွင် သင်တန်းနည်းပြ ဆရာဦးကောင်းထက်က ကျောင်းသား ကျောင်းသူ ၂၃ ဦးအား မတ် ၁၄ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

မိုင်းပျဉ်းမြို့နယ် ဝမ်ကျန်ကျေးရွာ ကျေးလက်လမ်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းပျဉ်း မတ် ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်းကို မတ် ၁၇ ရက်က ဟောင်ကန်ကျေးရွာအုပ်စု ဝမ်ကျန်ရွာသွားလမ်း၌ ဆောင်ရွက်သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော MTKT- ဝမ်ကျန်လမ်းအား သတ်မှတ်လမ်းအကျယ် ရရှိအောင် မြေသားချဲ့၍ ကျောက်ရောမြေဖြင့် အပွန်းခံလွှာခင်းခြင်းလုပ်ငန်း၊

MTKT- ဝမ်ကျန်လမ်း မြေသားလမ်းပေါ်ရှိ ကျောက်စီကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ကြမ်းခင်း Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၁ သန်းဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁ ရက်အထိ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

နန်းသန္တာဦး (ပြန်/ဆက်)

ဧရာဝတီရိုမြို့နယ်၌ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

နေပြည်တော် မတ် ၁၈

အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီရိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်၌ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အမှာစကားပြောကြားခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးကောင်းထက်က ကျောင်းသား ကျောင်းသူ ၅၀ အား မတ် ၁၈ ရက်မှ ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထွန်းလင်း(ဧရာဝတီ)

လယ်ဝေးမြို့နယ်၌ နွေရာသီသင်တန်းဆင်းပွဲများကျင်းပ

လယ်ဝေး မတ် ၁၈

နွေရာသီ(အခမဲ့) သင်တန်းများဖြစ်သည့် အခြေခံဂျူဒိုသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းများ ဆင်းပွဲကို မတ် ၁၅ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးမြတ်သူရဇော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ ငွေကျပ် ၁၀ သိန်းလျှဒါန်းသည့်မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ငွေကျပ်တစ်သိန်းလျှဒါန်းသည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်တို့အား မြို့နယ်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခြေခံဂျူဒိုသင်တန်း၊ အခြေခံပန်းချီသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများကို မတ် ၁ ရက်မှ ၁၅ ရက်အထိ သင်ကြားပေးခဲ့ပြီး အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းနှင့် အေရိုးစစ်သင်တန်းကို မတ် ၁၆ ရက်မှ ၃၁ ရက်အထိသင်ကြား ပို့ချပေးမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

(၅၂) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မော်လမြိုင် မတ် ၁၈

၂၀၂၆ ခုနှစ် (၅၂) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားဝါသနာ၁ရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဃဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေ ပေးအပ်ပြီး တစ်ဦးချင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ အသင်းလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တံခွန်စိုက်ဒိုင်းဆု၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ကာ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ သံလွင်အပန်းဖြေဥယျာဉ်ဖွင့်ပွဲသို့ တက်ရောက်ပြီး သံလွင်အပန်းဖြေဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဖျော်ဖြေပေးခဲ့ကြသည့် ဘင်ခရာ၊ ပန်းဖွား၊ တိုင်းရင်းသားအကအဖွဲ့များနှင့် ဖဲကြိုးကိုင်၊ ဗန်းကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သံလွင်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အများပြည်သူစိတ်အေးချမ်းမြေစွာ အပန်းဖြေအနားယူနိုင်ရေး၊ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နေကြာစိုက်တောင်သူများ ဆင်းရွှေကြာ- ၃ (ပရိ) နေကြာစိုက်ခင်းလေ့လာ

နေပြည်တော် မတ် ၁၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်း၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ စဉ်ကိုင်၊ ကျောက်ဆည်မြို့နယ်များမှ နေကြာစိုက်တောင်သူများသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် စိုက်သိပ်ပွက်ခင်းအတွင်း၌ စိုက်ပျိုးပြုသထားသော ဆင်းရွှေကြာ- ၃ (ပရိ) နေကြာစိုက်ခင်းကို လာရောက်လေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်နှင့် တာဝန်ရှိသူများက စပ်မျိုးနေကြာကဲ့သို့ အထွက်ကောင်းပြီး တောင်သူကိုယ်တိုင် မျိုးစေ့ပွားများထုတ်လုပ်နိုင်မည့် ဒေသရေမြေနှင့် ကိုက်ညီသောမျိုးသစ် ရရှိရေး ဆောင်ရွက်နိုင်မှုကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုစိုက်ပျိုးပြသထားသော နေကြာစိုက်ခင်းသည် ဆင်းရွှေကြာ - ၂ နေကြာမျိုးကို နိုင်ငံခြားမျိုးဗီဇ ၃၁ မျိုး ထည့်သွင်းကာ အပွင့်အရွယ်အစားနှင့် အပင်ကို နှစ်စဉ်ရွေးချယ်၍ မျိုးသစ်များဖြင့် မျိုးစပ်မွေးမြူရွေးချယ်ခြင်းနည်းဖြင့် (၃) ရာသီစိုက်ပျိုးဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း၊ နေကြာပင်၏ သဘာဝတွင် ပင်တည်းဝတ်မှုန် ကူးနိုင်သည့် သဘာဝရှိသော်လည်း နှစ်စဉ် အသုံးပြုနိုင်သည့် မျိုးမွေးမြူထုတ်လုပ်ရေးအတွက် ပျား၊ ပိတုန်းကဲ့သို့သော အင်းဆက်များဖြင့် ဝတ်မှုန်ကူးခြင်းသည် မျိုးစွာ အရေးကြီးပြီး အောင်စေရာခိုင်နှုန်း၊ အထွက်နှုန်းနှင့် ဆီထွက်ရာခိုင်နှုန်းကို သိသာစွာမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ဆင်းရွှေကြာ- ၃ (ပရိ)မျိုးကို ပြည်ပမှတင်သွင်းလာသော မျိုး ၃၁ မျိုးတို့၏ ဝတ်မှုန်များနှင့် မျိုးကူးယှက်ရွေးချယ်မွေးမြူထားသောမျိုးဖြစ်၍ ဒေသအလိုက်ဖြစ်ထွန်းအောင်မြင်နိုင်မည့် မျိုးကွဲများကို တောင်သူကြီးများ စိတ်ကြိုက်ရွေးချယ် မွေးမြူ စိုက်ပျိုးကာ မျိုးအတွက်ရော ဆီအတွက်ပါ စိုက်ပျိုးထုတ်လုပ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် ရွေးချယ်ရရှိသော မျိုးများကို နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲတို့က ကာလတစ်ခုတွင် ပြန်လည်စုစည်း၍ ဝတ်မှုန်ကူးခြင်း နည်းပညာ Divergent Convergent Selection ဖြင့် ဆောင်ရွက်၍ စဉ်ဆက်မပြတ် မျိုးမြှင့်တင်ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအချင်းချင်းအကြား မိုးနှင့်ဆောင်း စိုက်နေကြာမျိုးစေ့ ဖလှယ်သည့်စနစ်၊ တောင်သူလယ်သမားများ ကိုယ်တိုင် ဦးဆောင်ပါဝင်သော မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးစေ့ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းစဉ် တစ်လျှောက် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ကြရန်နှင့် လက်တွေ့ကျပြီး ရေရှည်တည်တံ့သည့် မျိုးစေ့စနစ်နှင့်မျိုးစေ့ကွန်ရက် အသက်ဝင်ထွန်းကားနိုင်ရေး ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လေ့လာရေးတောင်သူများ၏ မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာပညာရှင် ဝန်ထမ်းများက အသေးစိတ်ရင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျွန်းစုမြို့နယ်၌ ကျေးရွာချင်းဆက်တံတားနှင့် မြေသားလမ်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ကျွန်းစု မတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ပထော် - ပထက်ကျေးရွာ ချင်းဆက်တံတား တည်ဆောက်ပြီးစီးမှုနှင့် ပထော်ကျေးရွာ မြေသားလမ်းကို ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ကျေးရွာမမ္မာရုံ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် အင်ဂျင်နီယာချုပ်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်း/တံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး ကျေးရွာပတ်လမ်းမြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဆောင်ရွက်ပြီးစီးခဲ့သည့် ပထော်-ပထက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျောက်ကြီးစီသံကူးကွန်ကရစ်တံတားနှင့် တံတားချည်းကပ်လမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်ထူး (ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၁၈

ဘဂ်လားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှုဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

မဂ်လာဒုံမြို့နယ်၌ ငွေကျပ် ၂၃၂ သိန်းတန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ် ၈၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၈

မဂ်လာဒုံမြို့နယ်၌ ငွေကျပ် ၂၃၂ သိန်းတန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ် ၈၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် ည ၇ နာရီတွင် သတင်းအရ မဂ်လာဒုံမြို့နယ် အမှတ်(၂)(က) ရပ်ကွက်နေ ထက်ဝေဖြိုး(၂၅) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၂၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၂၀၂ သိန်း)နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၃၀)တို့ကို ဖမ်းဆီးရမိသဖြင့် ထက်ဝေဖြိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ သံလွင်ရပ်ကွက်နေ လောက်ခမ်း (၁)အားခမ်း(၃၂)နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၀)နှင့် ဘိန်းဖြူ ၁၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ သိန်း)တို့အား ဖမ်းဆီးရမိသဖြင့် လောက်ခမ်း(၁)အားခမ်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

တရားခံ ထက်ဝေဖြိုးအား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။

တရားခံ လောက်ခမ်း(၁)အားခမ်းအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

တရားမဝင်သစ်အမျိုးမျိုးနှင့် ယာဉ်၊ ယန္တရားများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၈ ဒသမ ၄၅၅၈ တန်၊ သစ်မာ ၈ ဒသမ ၄၀၄၄ တန်၊ အခြား ၅၇ ဒသမ ၅၀၄၃ တန်၊ စုစုပေါင်း ၈၄ ဒသမ ၃၆၄၅ တန်၊ ယာဉ်/ယန္တရား ၁၂ စီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၁၈ ရက်က ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့ဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဆောင်ရွက်စဉ်။ ဘုန်းမြတ်

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်နှင့် ၁၁ ရက်တို့တွင် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် တန် ၁ ဒသမ ၁၇၀၊ အခြား သစ် ၈ ဒသမ ၇၇၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်တွင် လှိုင်းဘွဲမြို့နယ် နဘူး-ထီလုံ သွားကားလမ်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၉၁၂၀၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၁၀၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကလေးမြို့နယ်နှင့် တမူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် သီလပြို့နယ် တာလုံကူးတို့ဆိပ်အနီး၌ မော်တော်ယာဉ် ၆၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၅၀၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၈၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၆၉ မျိုး၊ လျှပ်စစ်ပစ္စည်း ၇၁ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၅၄၃၃၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၁၉ စီး၊ လိုင်စင်ရှိမော်တော်ယာဉ် ၄၃ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၆၄၃၃၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် ပဲခူးမြို့နယ် ဝေါမြို့အထွက်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Joylong Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၅၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၀၃၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လုပ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်၊ မတ် ၁၀ ရက်၊ ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉၅ မှ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၈၀၉၇၇၈၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိအသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော စားသုံးဆီတင်သင်္ဘောမှ စားသုံးဆီများ လက်ခံရယူခြင်းနှင့် သိုလှောင်ကန်သို့ ထည့်သွင်းနေမှုအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ

များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ HOB ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် စားသုံးဆီတင်သင်္ဘောမှ သယ်ဆောင်လာသည့် စားသုံးဆီများ ဆီကန်များအတွင်းသို့ ထည့်သွင်းသိုလှောင်နေမှုများအား ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးမှ တာဝန်ရှိသူများ၊ MITS မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနခရိုင်စုစည်းမှုအဖွဲ့မှ တာဝန်ရှိသူများသည် စားသုံးဆီတင် MT AU GEMINI သင်္ဘောမှ စားသုံးဆီများ အရည်အသွေး၊ အလေးချိန်နှင့် သန့်ရှင်းမှုများအား စစ်ဆေးပြီး လွှဲပြောင်းလက်ခံရယူကာ ဆီသိုလှောင်ကန်များအတွင်းသို့ စနစ်တကျ ထည့်သွင်းနေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

အောင်ကျော်မိုး

ကော့သောင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ကော့သောင်း မတ် ၁၈

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ်ရှိ ချမ်းဖန်း-ဟတ်စဒင်း- အော်ကြီးကျေးရွာ ချင်းဆက်လမ်းကို ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၀၄ ဒသမ ၁۶۶ သန်းဖြင့် လမ်းမိုင် (၀/၅-၁/၁.۶၂)အထိ မူလကျောက်လမ်း (၀/၄.۶၂)မိုင်အား ၂ လက်မ-၄ လက်မခွဲကျောက်ဖြင့် လမ်းမျက်နှာပြင်ညီပြီး ၇ လက်မ ထု ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၅၄၀ နှင့် လူဦးရေ ၂၇၈၄ ဦးတို့ကို အကျိုးပြုလျက်ရှိပြီး ချမ်းဖန်း-ဟတ်စဒင်း-အော်ကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလအတွင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တနင်္သာရီ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက မတ် ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင် (မြန်/ဆက်)

ဝါးတောထိန်းသိမ်းနည်းနှင့် ဝါးတာရှည်ခံအောင်ပြုလုပ်နည်းသင်တန်းဖွင့်

နေပြည်တော် မတ် ၁၈

ဝါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ သင်တန်းသား ၅၀ ဖြင့် ဝါးတောထိန်းသိမ်းနည်းနှင့် ဝါးတာရှည်ခံအောင် ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို မတ် ၁၈ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်ဖြင့် တက်ရောက်၍ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဝါးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက သစ်အစားထိုး ဝါးများကို အသုံးပြုခြင်းအပြင် တစ်ဖက်တွင်လည်း ဝါးတောများ ပြုန်းတီးမှုမရှိစေရေးအတွက် ထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ ယခုသင်တန်းသည် ဝါးတောများကို ထိန်းသိမ်းတတ်စေရန်နှင့် ဝါးတာရှည်ခံအောင်ပြုလုပ်တတ်စေရန် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်ပေါင်းစပ်၍ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ တက်ရောက်သူများအနေဖြင့် စိတ်ပါဝင်စားစွာ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘမ်ဘူးဝါးကုန်ထုတ်သမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဝါးတောများ ထိန်းသိမ်းခြင်းနှင့် ဝါးတာရှည်ခံအောင် ပြုလုပ်နည်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လွိုင်ကော်မြို့၌ ငလျင်အသိပညာပေးနှိုးဆော်

လွိုင်ကော် မတ် ၁၈

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့် ငလျင်အသိပညာပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက လွိုင်ကော်မြို့ ဒေါ်ဥခွန်ရပ်ကွက်၊ ရှမ်းပိုင်းရပ်ကွက်၊ ဒေါတမရပ်ကွက်၊ ကြည်သာယာလမ်းဆုံနှင့် နမ့်ဘော်ဝမ်မီးပွိုင့်တို့တွင် ငလျင်အသိပညာပေးနှိုးဆော်ခဲ့ပြီး ပြည်သူများအား ငလျင်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ယင်းအသိပညာပေးလှုပ်ရှားမှုကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ လွိုင်ကော်မြို့ပေါ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်နှင့် တာဝန်ရှိသူများသည် မတ် ၁၈ ရက်က ဥက္ကံဈေးနှင့် တိုက်ကြီးမြို့မဈေးတို့၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဈေးအတွင်းပူးပေါင်းစစ်ဆေးစဉ်။ ဝတ်ရည်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀۶၇-၃၄၀၄၉၁၁၊ ၀۶၇-၃၄၀၄၉၂၂။ ၀۶၇-၃၄၀၄၉၃၃၊ ၀۶၇-၃၄၀၄၉۶۶၊ ၀۶၇-၃၄၀၄၉۷۷
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(၂) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀۶၇-၄၅၅၀၄၈၈၊ ၀۶၇-၄၅၅၀၄۶۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(၃) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄۶၀၃၅၅၄၊ ၀۶-၃၄۶၀၃၅၃၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀۶-၃၄۶၀၃၅၃၃

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀۶-၃၄۶၀၁၅၅၄၊ ၀۶-၃၄۶၀၁၄၄۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၁၀၀۶۶၃၃

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၅၃၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-۶۶၃၁၁၁۶၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃۶၊ ၀၇၀-၂၀၂၂၅۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၈۶၀۶၃၇၇۶

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀۶၁၊ ၀၇၁-၂၀၃၂၀۶၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၃၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁۶၃۶၊ ၀၅၂-၂၂၀၁۶၃۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၀۶

(ညဝ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀۶၃-၂၀၂၈၈၇၈၊ ၀۶၃-၂၀၂၈၈၇۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၀

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၅-၂၀၂၇۶၃۶၊ ၀၅၅-၂၀၂၇۶၃۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀۶-၂၅၅၀၀၂၅၁၊ ၀۶- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁၃

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁၄

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄۶၅၄၊ ၀၈၁-၂၁၄۶۶۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁

(ထ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀۶၂-၂၀၂၅۶۶۶၊ ၀۶၂-၂၀၂၅۶۶۶
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀۶-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

